မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၃၃ ] ရန်ကုန်မြို့ { ၁၃၇၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက် ( ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက် ) } သောကြာနေ့ [ အတွဲ ၆၇

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၅၂/၂၀၁၄**

၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၂ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက် )

**ဆင်းရဲနွမ်းပါးသူများ ကူညီစောင့်ရှောက်ရေးအဖွဲ့တွင် အဖွဲ့ဝင် ပြင်ဆင်ဖြည့်စွက်ဖွဲ့စည်းခြင်း**

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၄ ခုနှစ်၊ မေလ ၂၇ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၈/၂၀၁၄) ဖြင့် ဖွဲ့စည်းခဲ့သော **"ဆင်းရဲနွမ်းပါးသူများ ကူညီစောင့်ရှောက်ရေးအဖွဲ့"** တွင် အဖွဲ့ဝင် ဗိုလ်ချုပ်မောင်မောင်အုန်း ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန အစား အဖွဲ့ဝင် ဦးတင်ငွေ ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအဖြစ် ပြင်ဆင်ပြီး အောက်ပါပုဂ္ဂိုလ်များအား အဖွဲ့ဝင်များအဖြစ် ဖြည့်စွက်ဖွဲ့စည်းလိုက်ပါသည် -

(၁) ဦးသန့်ရှင်း
ဒုတိယဝန်ကြီး
ပညာရေးဝန်ကြီးဌာန

(၂) ဒေါက်တာသန်းအောင်
ဒုတိယဝန်ကြီး
ကျန်းမာရေးဝန်ကြီးဌာန

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၄၉/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက် )

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများဥပဒေပုဒ်မ ၄ အရ အပ်နှင်းသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (စ) အရ အစိုးရကသာ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့် စာတိုက်လုပ်ငန်းဖြစ်သော အပြည်ပြည်ဆိုင်ရာအမြန်ချောပို့လုပ်ငန်းကဏ္ဍတွင် မှတ်ပုံတင်စနစ်ဖြင့် ဝန်ဆောင်မှုပေးသူ (Registered Service Provider) အဖြစ် Magnate Group Logistics Co., Ltd. အား လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုလိုက်သည်။

၃။ အပိုဒ် (၂) ပါ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသောလုပ်ငန်းကို ကြီးကြပ်ကွပ်ကဲရန် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနအား လုပ်ပိုင်ခွင့်အပ်နှင်းလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၅၀/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက် )

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများဥပဒေပုဒ်မ ၄ အရ အပ်နှင်းသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (စ) အရ အစိုးရကသာ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့် စာတိုက်လုပ်ငန်းဖြစ်သော အပြည်ပြည်ဆိုင်ရာအမြန်ချောပို့လုပ်ငန်းကဏ္ဍတွင် မှတ်ပုံတင်စနစ်ဖြင့် ဝန်ဆောင်မှုပေးသူ (Registered Service Provider) အဖြစ် United Courier Services Co., Ltd. အား လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုလိုက်သည်။

၃။ အပိုဒ် (၂) ပါ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသောလုပ်ငန်းကို ကြီးကြပ်ကွပ်ကဲရန် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနအား လုပ်ပိုင်ခွင့်အပ်နှင်းလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၅၁/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက် )

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများဥပဒေပုဒ်မ ၄ အရ အပ်နှင်းသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (စ) အရ အစိုးရကသာ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့် စာတိုက်လုပ်ငန်းဖြစ်သော အပြည်ပြည်ဆိုင်ရာအမြန်ချောပို့လုပ်ငန်းကဏ္ဍတွင် မှတ်ပုံတင်စနစ်ဖြင့် ဝန်ဆောင်မှုပေးသူ (Registered Service Provider) အဖြစ် Smart Logistics (Myanmar) Co., Ltd. အား လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုလိုက်သည်။

၃။ အပိုဒ် (၂) ပါ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသောလုပ်ငန်းကို ကြီးကြပ်ကွပ်ကဲရန် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနအား လုပ်ပိုင်ခွင့်အပ်နှင်းလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၅၂/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက် )

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများဥပဒေပုဒ်မ ၄ အရ အပ်နှင်းသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (စ) အရ အစိုးရကသာ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့် စာတိုက်လုပ်ငန်းဖြစ်သော အပြည်ပြည်ဆိုင်ရာအမြန်ချောပို့လုပ်ငန်းကဏ္ဍတွင် မှတ်ပုံတင်စနစ်ဖြင့် ဝန်ဆောင်မှုပေးသူ (Registered Service Provider) အဖြစ် Transmarine Logistics Asia Pte Ltd. အား လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုလိုက်သည်။

၃။ အပိုဒ် (၂) ပါ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသောလုပ်ငန်းကို ကြီးကြပ်ကွပ်ကဲရန် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနအား လုပ်ပိုင်ခွင့်အပ်နှင်းလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၅၃/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက် )

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများဥပဒေပုဒ်မ ၄ အရ အပ်နှင်းသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (စ) အရ အစိုးရကသာ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့် စာတိုက်လုပ်ငန်းဖြစ်သော အပြည်ပြည်ဆိုင်ရာအမြန်ချောပို့လုပ်ငန်းကဏ္ဍတွင် မှတ်ပုံတင်စနစ်ဖြင့် ဝန်ဆောင်မှုပေးသူ (Registered Service Provider) အဖြစ် Myanmar USU Logistics Co., Ltd. အား လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုလိုက်သည်။

၃။ အပိုဒ် (၂) ပါ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသောလုပ်ငန်းကို ကြီးကြပ်ကွပ်ကဲရန် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနအား လုပ်ပိုင်ခွင့်အပ်နှင်းလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၅၅/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက် )

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ အခန်း (၁၃)၊ ပုဒ်မ ၆၇ ပါ ပြဋ္ဌာန်းချက်နှင့်အညီ မြန်မာနိုင်ငံတွင် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းဈေးကွက်အား ဥပဒေနှင့်အညီ ပီပြင်စွာတည်ထောင်ပြီး စနစ်တကျလုပ်ကိုင်ဆောင်ရွက်ခြင်းမပြုနိုင်မီ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှ ၂၀၂၀ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ကူးပြောင်းဆဲကာလအဖြစ် သတ်မှတ်လိုက်သည်။

၂။ ကူးပြောင်းဆဲကာလအတွင်း ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်နှင့် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်သည့်လုပ်ငန်းကို ကြီးကြပ်ကွပ်ကဲနိုင်ရန် ပြည်ထောင်စုအစိုးရ၊ ဘဏ္ဍာရေးဝန်ကြီးဌာနအား လွှဲအပ်တာဝန်ပေးလိုက်သည်။

၃။ ပြည်ထောင်စုအစိုးရ၊ ဘဏ္ဍာရေးဝန်ကြီးဌာနသည် ကူးပြောင်းဆဲကာလအတွင်း ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်သည့်လုပ်ငန်းကို ကြီးကြပ်ကွပ်ကဲရာတွင် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၆၉/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၁ ရက်
( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက် )

**လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခံရမှုများကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်၏အဖွဲ့ဝင် ပြောင်းလဲတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုလွှတ်တော်၏ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၂/၂၀၁၂) ဖြင့် ဖွဲ့စည်းထားသည့် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်တွင် ဦးစိန်ထွန်း၊ ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် **အစား** ဦးကျော်မင်း၊ ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အား အဖွဲ့ဝင်အဖြစ် ပြောင်းလဲတာဝန်ပေးအပ်လိုက်သည်။

(ပုံ) သူရရွှေမန်း
နာယက
ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၇၀/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၂ ရက်
( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက် )

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၂။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ

# ( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၂။ )

၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၂ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေတွင် ပါရှိသော "လာဘ်ပေးလာဘ်ယူမှု" ဆိုသည့် စကားရပ်ကို "အဂတိလိုက်စားမှု" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "လာဘ်ပေးလာဘ်ယူမှုပပျောက်ရေး" ဆိုသည့် စကားရပ်ကို "အဂတိလိုက်စားမှုတိုက်ဖျက်ရေး" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၃။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၁၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၄။ နိုင်ငံတော်သမ္မတသည် ပဏာမစိစစ်ရေးအဖွဲ့ဝင်များ၊ စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့်ခံစားခွင့်များကို သတ်မှတ်ပေးခြင်း သို့မဟုတ် ပြင်ဆင်ပြောင်းလဲခြင်း ပြုနိုင်သည်။"

၄။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၇၀ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၇၀။ (က) ကော်မရှင်ဥက္ကဋ္ဌကို ပြည်ထောင်စုဝန်ကြီးအဆင့်အဖြစ်လည်းကောင်း၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များကို ဒုတိယဝန်ကြီးအဆင့်အဖြစ်လည်းကောင်း သတ်မှတ်ရမည်။

(ခ) ပုဒ်မခွဲ (က) နှင့်အညီ သတ်မှတ်သော အဆင့်အတန်းနှင့်လျော်ညီသည့် ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များကို ခံစားခွင့်ရှိစေရမည်။

(ဂ) ဤဥပဒေအရ ဖွဲ့စည်းသည့် လုပ်ငန်းကော်မတီဝင်များ၊ လုပ်ငန်းအဖွဲ့ဝင်များ၊ ပဏာမစိစစ်ရေး အဖွဲ့ဝင်များ၊ စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်များ၊ စစ်ဆေးရေးမှူးနှင့် ကော်မရှင်ရုံး၏ အရာထမ်း၊ အမှုထမ်းများသည် ပြည်သူ့ဝန်ထမ်းများဖြစ်သည်ဟု မှတ်ယူရမည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၇၁/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက် )

## လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၃။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့်ဥပဒေ
## ( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၃။ )

၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ လမ်းမကြီးများဥပဒေတွင် -

(က) ပုဒ်မ ၂၊ ပုဒ်မခွဲ (က) ၌ ပါရှိသော "ဆောက်လုပ်ရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ထားသည့် လမ်းမကြီးကို ဆိုသည်။" ဆိုသည့် စကားရပ်ကို "ဆောက်လုပ်ရေးဝန်ကြီးဌာနက လမ်းမကြီးအဖြစ် အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ထားသည့် လမ်းအားလုံးကို ဆိုသည်။" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မ ၃၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မ ၆ တို့၌ ပါရှိသော "ပြည်နယ်နှင့်တိုင်း" ဆိုသည့် စကားရပ်ကို "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ လမ်းမကြီးများဥပဒေ ပုဒ်မ ၇ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၇။ မည်သူမဆို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ခွင့်ပြုချက်မရှိဘဲ အောက်ပါပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်တစ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည် -

(က) လမ်းမကြီးကို ဖြတ်သန်း၍ တစ်စုံတစ်ရာ ဖောက်လုပ်ခြင်း သို့မဟုတ် ဆောက်လုပ်ခြင်း၊

(ခ) လမ်းမကြီး၏ နယ်နိမိတ်အတွင်း ကန်တူးဖော်ခြင်း သို့မဟုတ် မြေတူးယူခြင်း၊

၇-က။ မည်သူမဆို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ခွင့်ပြုချက်မရှိဘဲ လမ်းမကြီး၏ နယ်နိမိတ်အတွင်း အဆောက်အအုံဆောက်လုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

၇-ခ။ မည်သူမဆို ပုဒ်မ ၇-က ပါ ပြစ်မှုကို ထပ်မံကျူးလွန်ပါက ထိုသူကို တစ်နှစ်အထိ ထောင်ဒဏ် ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းအထိ ငွေဒဏ် ချမှတ်ရမည်။"

၄။ လမ်းမကြီးများဥပဒေတွင် -

(က) ပုဒ်မ ၈ ၌ ပါရှိသော "ငွေဒဏ်ဖြစ်စေ" ဆိုသည့် စကားရပ်၏ ရှေ့တွင် "အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်ငါးသိန်းအထိ" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(ခ) ပုဒ်မ ၈၊ ပုဒ်မခွဲ (ဃ) ၏ နောက်တွင် ပုဒ်မခွဲ (င)၊ (စ) နှင့် (ဆ) တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(င) လမ်းမကြီးနယ်နိမိတ်အတွင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ခွင့်ပြုချက်မရှိဘဲ လမ်း၊ တံတားနှင့် မြေပြင်အနေအထားကို ပျက်စီးစေရန် ပြုလုပ်ခြင်း၊

(စ) လမ်းမကြီး၏နယ်နိမိတ်အတွင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ခွင့်ပြုချက်မရှိဘဲ ကြော်ငြာဆိုင်းဘုတ်စိုက်ထူခြင်း၊

(ဆ) လမ်းမကြီးနယ်နိမိတ်အတွင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ခွင့်ပြုချက်မရှိဘဲ လမ်းဘေး စားသောက်ဆိုင်များ၊ ဈေးဆိုင်များ ဆောက်လုပ်တည်ခင်းရောင်းချခြင်း။"

၅။ လမ်းမကြီးများဥပဒေတွင် -

(က) ပုဒ်မ ၉ ၌ ပါရှိသော "ထောင်ဒဏ် ၃ လအထိ ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ" ဆိုသည့် စကားရပ်ကို "သုံးလအထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်သောင်းမှ အများဆုံး ကျပ်တစ်သိန်းအထိ ငွေဒဏ်ဖြစ်စေ" ဆိုသည့် စကားရပ်ဖြင့်အစားထိုးရမည်။

(ခ) ပုဒ်မ ၉၊ ပုဒ်မခွဲ (ဃ) ကို ပယ်ဖျက်ရမည်။

၆။ လမ်းမကြီးများဥပဒေပုဒ်မ ၉ ၏ နောက်တွင် ပုဒ်မ ၉-က နှင့် ပုဒ်မ ၉-ခ တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၉-က။ မည်သူမဆို မိမိ၏ ပြုလုပ်မှုကြောင့် လမ်းမကြီးတွင် ထိခိုက်ပျက်စီးဆုံးရှုံးမှု တစ်စုံတစ်ရာ ပေါ်ပေါက်ပါက ယင်းထိခိုက်ပျက်စီးဆုံးရှုံးမှုအတွက် နစ်နာကြေး သို့မဟုတ် လျော်ကြေးကို ဝန်ကြီးဌာနသို့ ပေးလျော်ရန် တာဝန်ရှိသည်။

၉-ခ။ ဝန်ကြီးဌာနသည် တစ်ဦးတစ်ယောက်ကြောင့် လမ်းမကြီးတွင် ထိခိုက်ပျက်စီးဆုံးရှုံးမှုတစ်စုံတစ်ရာ ပေါ်ပေါက်ပါက ယင်းထိခိုက်ပျက်စီးဆုံးရှုံးမှုအတွက် နစ်နာကြေး သို့မဟုတ် လျော်ကြေးကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ တွက်ချက်၍ သက်ဆိုင်ရာတရားရုံးတွင် တရားစွဲဆို တောင်းခံနိုင်သည်။"

၇။ လမ်းမကြီးများဥပဒေပုဒ်မ ၁၀ ၏ နောက်တွင် ပုဒ်မ ၁၀-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက် ရမည် -

"၁၀-က။ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် မြို့ရွာများကို ဖြတ်သန်းဖောက်လုပ်သည့် သို့မဟုတ် ပြုပြင် မွမ်းမံသည့် လမ်းမကြီးများ၏ နယ်နိမိတ်ကို သတ်မှတ်ရာ၌ မြို့တွင်း၊ ရွာတွင်း လူနေအိမ် အဆောက်အအုံများ၏ တည်ရှိမှု အခြေအနေ၊ တည်ဆောက်ပြီးစီးခဲ့သည့် အချိန်ကာလ၊ မြို့ပြ

ဖွံ့ဖြိုးမှုအခြေအနေ၊ အခြားတည်ဆဲ မြို့ပြဆိုင်ရာ ဥပဒေများ၏ အကျိုးသက်ရောက်မှုတို့ကိုပါ ထည့်သွင်းစဉ်းစား၍ သတ်မှတ်ရမည်။"

၈။ လမ်းမကြီးများဥပဒေ ပုဒ်မ ၁၃ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဆောက်လုပ်ရေးဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဆောက်လုပ်ရေးဝန်ကြီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည် လိုအပ်သော အမိန့်နှင့်ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ၁၈-၇-၂၀၁၄ ရက်နေ့တွင် ကျင်းပသည့် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၃၀) ရက်မြောက်နေ့တွင် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကြည်း ၁၉၇၁၇၊ ဗိုလ်မှူးချုပ်အောင်ကျော်၏မေးခွန်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၏ဖြေကြားချက်

**နိုင်ငံ့ဝန်ထမ်းများ တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း နေထိုင်ရန် နိုင်ငံ့ပိုင်ဝန်ထမ်းအိမ်ရာများ လုံလောက်စွာ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ။** ။ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်အောင်ကျော်က နိုင်ငံ့ဝန်ထမ်းများ တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း နေထိုင်ရန် နိုင်ငံ့ပိုင်ဝန်ထမ်းအိမ်ရာများ လုံလောက်စွာ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၀။**

**ဗိုလ်မှူးချုပ်အောင်ကျော်၊ တပ်မတော်သားကိုယ်စားလှယ်။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း - ၁၉၇၁၇ ဗိုလ်မှူးချုပ်အောင်ကျော် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံ့ဝန်ထမ်းများ တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း နေထိုင်ရန် နိုင်ငံ့ပိုင်ဝန်ထမ်းအိမ်ရာများ လုံလောက်စွာ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုခြင်းနှင့်ပတ်သက်ပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ကို ဘယ်စနစ်နဲ့ တည်ဆောက်သည်ဖြစ်စေ၊ မည်သည့်အစိုးရအဖွဲ့ အုပ်ချုပ်သည်ဖြစ်စေ နိုင်ငံတော်ရဲ့ အုပ်ချုပ်ရေးယန္တရားကို လည်ပတ်မောင်းနှင်နေကြသူတွေဟာ နိုင်ငံ့ဝန်ထမ်းတွေပဲ ဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းတွေရဲ့ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာအရည်အသွေးမြင့်မားမှုတွေဟာ နိုင်ငံအုပ်ချုပ်ရေးစွမ်းရည် မြင့်မားမှုအပေါ် အကျိုးသက်ရောက်လျက်ရှိပါတယ်။ ဝန်ထမ်းများ အရည်အသွေးမြင့်မားတိုးတက်မှသာ သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်တို့ ဖြစ်ပေါ်လာမှာ ဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းတွေဟာ နိုင်ငံ့တာဝန် စတင်တာဝန်ထမ်းဆောင်စဉ်ကနေပြီးတော့ အငြိမ်းစားယူတဲ့အထိ အများအားဖြင့် ရာထူးတာဝန်အမျိုးမျိုးနဲ့ နေရာဒေသအသီးသီးကို ပြောင်းရွှေ့တာဝန်ထမ်းဆောင်နေကြရတာ ဖြစ်ပါတယ်။

ဝန်ထမ်းအများစုဟာ စတင်တာဝန်ထမ်းဆောင်စဉ်ကတော့ မိမိနေထိုင်ရာ အရပ်ဒေသကနေပြီးတော့ စတင်ဝင်ရောက်ခဲ့ကြပေမယ့် လုပ်သက်အရဖြစ်စေ၊ အရည်အချင်းအရဖြစ်စေ ဌာနအသီးသီးရဲ့ ဝန်ထမ်းစီမံခန့်ခွဲမှုအရ စတင်တာဝန်ထမ်းဆောင်ရာဒေသကနေပြီးတော့ လိုအပ်တဲ့ အခြားဒေသအသီးသီးကို ပြောင်းရွှေ့တာဝန်ထမ်းဆောင်ကြရပါတယ်။ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရာဒေသမှာ သက်ဆိုင်ရာဌာနရဲ့ ဝန်ထမ်းအိမ်ရာတွေ လုံလောက်မှုမရှိတဲ့အတွက် ပြင်ပကနေအိမ်တွေကို ငှားရမ်းနေထိုင်ရတာ ရုံးဝင်းတွေအတွင်းမှာ နေထိုင်ဖို့ ယာယီအဆောက်အဦတွေ၊ ဆောက်လုပ်နေထိုင်ရတာတွေနဲ့ နေစရာနေရာရရှိအောင်ဆောင်ရွက်ကြရပါတယ်။

ယခုအခါမှာတော့ အိမ်ရာမြေဈေးတွေ ကြီးမြင့်လာတဲ့အတွက်ကြောင့်မို့လို့ ဝန်ထမ်းတွေရဲ့ အိမ်ငှားရမ်းခဟာ ဝန်ထမ်းလစာရဲ့ (၅၀) ရာခိုင်နှုန်းအထက်ကို ရောက်ရှိနေပါပြီ။ ဒီလိုပြင်ပက အိမ်ငှားရမ်းခမြင့်တက်မှုတွေကြောင့် ဝန်ထမ်းတွေရဲ့ စားဝတ်နေရေးကို များစွာအခက်အခဲဖြစ်စေပါတယ်။ ရာထူးတိုး၍ဖြစ်စေ၊ အနေကြာ၍ဖြစ်စေ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရမှာကို ဝန်ထမ်းတွေ သိရှိနားလည်ပါတယ်။ ဒါပေမဲ့ နေစရာအခက်အခဲကြောင့် အချို့ဝန်ထမ်းတွေဟာ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရမယ့်နေရာကိုရောက်ရှိပြီး မကြာမီမှာပဲ တာဝန်မှနုတ်ထွက်တာ၊ အငြိမ်းစားယူတာတွေနဲ့ ဝန်ထမ်းဘဝကို အချိန်မတိုင်မီအဆုံးသတ်သွားသူများရှိသလို အချို့ဝန်ထမ်းတွေဟာ တာဝန်ကျရာနေရာကိုတောင် မပြောင်းရွှေ့တော့ဘဲတာဝန်မှ နုတ်ထွက်တာ၊ အငြိမ်းစားယူတာတွေ ပြုခဲ့ကြပါတယ်။

အချို့ဝန်ထမ်းတွေကတော့ မိသားစုဘဝအခြေအနေကြောင့် တာဝန်ကျရာနေရာကို ပြောင်းရွှေ့တာဝန်ထမ်းဆောင်ပေမယ့် အိမ်ငှားစရိတ်ကြီးမြင့်မှုတွေကြောင့် မိသားစုတွေရဲ့ စားဝတ်နေရေးမှာ အခက်အခဲတွေ ဖြစ်ပေါ်စေတာကို တွေ့ရှိရပါတယ်။ ဝန်ထမ်းတွေရဲ့ နေရေးအခက်အခဲတွေဟာ ဝန်ထမ်းတွေကိုအဂတိလိုက်စားမှုဖြစ်ပေါ်စေတဲ့ အခြေအနေကို တွန်းပို့သကဲ့သို့ ဖြစ်နေပါတယ်။ နေရာပြောင်းရွှေ့တာဝန်ထမ်းဆောင်ရတာကြောင့် ဝန်ထမ်းများ နုတ်ထွက်တာ၊ အငြိမ်းစားယူတာ၊ အဂတိလိုက်စားမှု ဖြစ်ပေါ်တာတွေဟာ နိုင်ငံအတွက် တန်ဖိုးရှိတဲ့ ဝန်ထမ်းတွေ ဆုံးရှုံးရခြင်းပဲဖြစ်ပါတယ်။ ဌာနဆိုင်ရာတွေအနေနဲ့ အရည်အချင်းမြင့်မားတဲ့ ဝန်ထမ်းတွေ၊ အတွေ့အကြုံရှိတဲ့ ဝန်ထမ်းတွေရရှိအောင် အချိန်ယူပြီးတော့ ပြုစုပျိုးထောင်လေ့ကျင့်ပေးထားရပါတယ်။

နိုင်ငံသားတွေ မျှော်လင့်နေတဲ့ ခေတ်မီဒီမိုကရေစီနိုင်ငံထူထောင်ရေး၊ သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် ဖြစ်ပေါ်လာစေဖို့အတွက် ဝန်ထမ်းစီမံခန့်ခွဲမှုမှာ အခက်အခဲတွေ မဖြစ်ပေါ်စေဖို့အတွက် အရည်အချင်းရှိတဲ့ ဝန်ထမ်းတွေ မဆုံးရှုံးဖို့ လိုအပ်ပါတယ်။ အရည်အချင်းရှိပြီး အတွေ့အကြုံရှိတဲ့ ဝန်ထမ်းတွေ မဆုံးရှုံးမှသာ ဌာနအလိုက် ဝန်ထမ်းစီမံခန့်ခွဲမှုကို အထောက်အကူပြုပြီး တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ တစ်နိုင်ငံလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်မှသာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး တည်ဆောက်မှုကို အထောက်အကူဖြစ်နိုင်မှာဖြစ်သလို ဆင်းရဲမှုလျှော့ချရေးကိုလည်း ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

ဝန်ထမ်းကောင်းတွေ မဆုံးရှုံးစေဖို့ အရည်အသွေးမြင့်မားတဲ့ဝန်ထမ်းတွေ ဖြစ်ပေါ်လာစေဖို့အတွက် ဝန်ထမ်းတွေ တာဝန်ထမ်းဆောင်ရာဒေသမှာ စိတ်အေးချမ်းသာစွာနဲ့ တာဝန်ထမ်းဆောင်နိုင်စေရေးအတွက် နိုင်ငံ့ဝန်ထမ်းများ တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း နေထိုင်ရန် နိုင်ငံပိုင်ဝန်ထမ်းအိမ်ရာများ လုံလောက်စွာ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ အစီအစဉ်ရှိပါက မည်သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုတဲ့အတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၆။**

**ဦးစိုးတင့် (ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်အောင်ကျော်မှ မေးမြန်းထားတဲ့ နိုင်ငံ့ ဝန်ထမ်းများ တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း နေထိုင်ရန် နိုင်ငံပိုင်ဝန်ထမ်းအိမ်ရာများ လုံလောက်စွာ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနအနေနဲ့ နိုင်ငံ့ဝန်ထမ်းများ အပါအဝင် ပြည်သူလူထု နေရေးအဆင်ပြေစေရန်အတွက် နိုင်ငံတစ်ဝန်း တိုင်းဒေသကြီးနဲ့ ပြည်နယ်များမှာရှိတဲ့ မြို့ကြီး (၂၈) မြို့မှာ အိမ်ရာစခန်းပေါင်း (၄၈) ခု တည်ဆောက်ပြီးတော့၊ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အထိ ပြည်သူ့အိမ်ရာ၊ ဝန်ထမ်းအိမ်ရာ စသည့် နိုင်ငံပိုင်အငှားချအိမ်ခန်း ယူနစ်ပေါင်း (၁၅၁၈၀) ယူနစ် ဖြည့်ဆည်းပေးထားခဲ့ရာ ဝန်ထမ်းအိမ်ရာ အိမ်ခန်းယူနစ်စုစုပေါင်းမှာ (၃၄၀၇) ယူနစ် ဖြစ်ပါတယ်။ ဒီမှာ Power Point နဲ့ ကျွန်တော် တင်ပြထားတာ။ ဒါကို ကျွန်တော် တင်ပြခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒါ ၂၀၁၀-၂၀၁၁ အထိ ဆောင်ရွက်ပြီးတဲ့ ယူနစ် (၃၄၀၇) ဖြစ်ပါတယ်။ အလုံးရေ အနေနဲ့ (၉၁၇) ကျွန်တော်တို့ ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော့်အနေနဲ့ တိုင်းတစ်ခုချင်း အလိုက် တင်ပြရင် အချိန်ကိုငဲ့ညှာသောအားဖြင့် စုစုပေါင်းကိုပဲ ခုလို Power Point ဖြင့် တင်ပြရခြင်း ဖြစ်ပါတယ်။

ကျွန်တော်တို့အစိုးရသစ်လက်ထက်မှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှစပြီးတော့ ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ ဖွဲ့စည်းတာဝန်ယူဆောင်ရွက်ခဲ့ရာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှစပြီးတော့ နိုင်ငံ့ဝန်ထမ်းများရဲ့ နေရေးလိုအပ်ချက်များကို ထပ်မံဖြည့်ဆည်းပေးနိုင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်အစိုးရ ငွေလုံးငွေရင်းရန်ပုံငွေများနဲ့ ဒေသအသီးသီးမှာ ဝန်ထမ်းအိမ်ရာအသစ်များ ထပ်မံဆောက်လုပ်ပေးခဲ့ပါတယ်။ ဌာနဆိုင်ရာအချို့မှလည်းပဲ မိမိတို့ဌာနအစီအစဉ်ဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ထံ ရန်ပုံငွေတောင်းခံပြီး ဌာနပိုင်ဝန်ထမ်းအိမ်ရာများလည်း ဆောက်လုပ် ခဲ့ကြသလို မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှလည်း ပြည်ထောင်စုအစိုးရ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရ ငွေလုံးငွေရင်းရန်ပုံငွေဖြင့်လည်းကောင်း ဝန်ထမ်းအိမ်ရာများ အဆောက်အဦသစ်များ ထပ်မံဆောက်လုပ်ခဲ့ရာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အထိ (၃) နှစ်တာကာလအတွင်း ဆောက်လုပ်ပြီး၊ ဆောက်လုပ်ဆဲဝန်ထမ်းအိမ်ရာ စုစုပေါင်း (၁၉၆) လုံး၊ ယူနစ် ပေါင်း (၂၅၄၀) ထပ်မံတိုးချဲ့တည်ဆောက်ပေးခဲ့ပါတယ်။ ဒါတွေကတော့ ကျွန်တော် ဒီဟာတွေကို ဒုတိယ အပိုဒ်မှာ ဖြစ်ပါတယ်။ ၂၀၁၂-၂၀၁၃ ကနေပြီးတော့ ၂၀၁၄-၂၀၁၅ အထိ တည်ဆောက်ပြီးတဲ့ အလုံးရေ (၁၉၆) နဲ့ ယူနစ်ပေါင်း (၂၅၄၀) တို့ကို တင်ပြတာ ဖြစ်ပါတယ်။

ဒါကြောင့်မို့ တိုင်းဒေသကြီး/ပြည်နယ်အဆင့် မြို့ကြီးများမှာသာ ယခင်တုန်းက ဝန်ထမ်းအိမ်ရာများ ရှိခဲ့သော်လည်းပဲ ယခုအခါမှာတော့ ခရိုင်/မြို့နယ်အဆင့်အထိ ဖြည့်စွက်ဆောင်ရွက်ပေးလျက် ရှိပါတယ်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဦးစီးဌာနနဲ့ တိုင်းဒေသကြီး/ပြည်နယ် အစိုးရများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုဖြင့် ဝန်ထမ်းအိမ်ရာစုစုပေါင်း ဒီမှာ ကျွန်တော်တင်ပြထားတဲ့ အတိုင်း (၁၁၁၃) ခု ကျွန်တော်တို့ ထပ်မံတည်ဆောက်ခဲ့တာ ဖြစ်ပါတယ်။ အခန်းရေ ယူနစ်ပေါင်းအားဖြင့် (၅၉၄၇) ခု တည်ဆောက်နိုင်ခဲ့ပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

အိမ်ရာမြေဈေးနှုန်းများ မြင့်တက်လာခြင်းကြောင့် ပြင်ပပုဂ္ဂလိကအိမ်ငှားရမ်းခဈေးနှုန်းများဟာ ကြီးမြင့်လာပါတယ်။ ကြီးမြင့်လာတဲ့နှုန်းထားကို ပြန်ကြည့်ရင် ကိုယ်စားလှယ်တော်ကြီး တင်ပြတဲ့အတိုင်း ဝန်ထမ်းလစာရဲ့ (၅၀) ရာခိုင်နှုန်းအထက်ကိုပင် ရောက်ရှိနေတာ ဖြစ်ပါတယ်။ ဒါကြောင့် အရာထမ်းများရဲ့ မူရင်းလစာရဲ့ (၅) ရာခိုင်နှုန်းနဲ့ အမှုထမ်းများရဲ့ မူရင်းလစာရဲ့ (၃) ရာခိုင်နှုန်းကို အိမ်ငှားရမ်းခအဖြစ် အနိမ့်ဆုံး (၁၇၀၀) ကျပ်မှ အမြင့်ဆုံး (၉၀၀၀) ကျပ်အထိသာ သတ်မှတ်ကောက်ခံလျက်ရှိပြီးတော့ မြို့ရွာနှင့် အိုးအိမ်ဦးစီးဌာနမှ ဝန်ထမ်းစခန်းများကို နေထိုင်ခွင့်ရရှိတဲ့ ဝန်ထမ်းများအနေနဲ့ စိတ်အေးချမ်းသာစွာ တာဝန် ထမ်းဆောင်လျက်ရှိပါတယ်။

ယခုအချိန်မှာ နိုင်ငံတော်ရဲ့ အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုနဲ့အညီ အစိုးရဌာနများ ပြန်လည်ဖွဲ့စည်း ခြင်းနဲ့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရခြင်းများကြောင့် ဝန်ထမ်းအိမ်ရာလိုအပ်ချက်များ ရှိနေသေးတဲ့ အားလျော်စွာ ဒေသအသီးသီးမှာရှိတဲ့ အစိုးရဌာနများအားလုံးမှာ ဒေသခံဝန်ထမ်းဦးရေ၊ ပြောင်းရွှေ့ဝန်ထမ်း ဦးရေစာရင်းများ ကောက်ယူဆန်းစစ်ပြီးတော့ လိုအပ်တဲ့ ဝန်ထမ်းအိမ်ရာအရေအတွက်များ ပြုစုကာ ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ သက်ဆိုင်ရာဒေသရဲ့ နှစ်ရှည်/နှစ်တိုစီမံကိန်းများမှာ နှစ်စဉ်ထပ်မံတိုးချဲ့ ဆောက်လုပ်သွားရန်လည်း စီစဉ်လျက်ရှိပါကြောင်းနဲ့ အထူးသဖြင့် ဝေးလံခေါင်ပါးဒေသ များကို ဦးစားပေးစနစ်နဲ့ ဆောင်ရွက်ပေးရန် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အကြံပြုတင်ပြထားပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**အချိန်၊ ၁၀း၃၄။**

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်အောင်ကျော်မေးတဲ့ မေးခွန်းနဲ့ပတ်သက်လို့ နေရာဒေသတိုင်းမှာ ရပ်ဝေးကနေပြီးတော့ လာရောက်တာဝန်ထမ်းဆောင်ရတဲ့ ဝန်ထမ်းတွေအတွက်က အထူးလိုအပ်ပါတယ်။ ဝန်ထမ်းအိမ်ရာ ရရှိတယ်ဆိုရင် မိသားစုအတွက် သက်သာချောင်ချိပြီးတော့ လစာ စရိတ်တိုးပေးတာထက်ကို အများကြီးထိရောက်တဲ့ အနေအထားလည်းရှိပါတယ်။ အဲဒီတော့ ဌာနတွေအနေနဲ့ ပြောင်းတာ၊ ရွှေ့တဲ့ကိစ္စတွေလည်း ဒါတွေကို အားလုံးပေါင်းရောသုံးသပ်ပြီးမှ ဆောင်ရွက်မှ အဆင်ပြေမယ့် သဘောရှိပါတယ်။ တစ်နိုင်ငံလုံး ဝန်ထမ်းဦးရေ၊ အိမ်ခန်းရှိတဲ့ဦးရေက တစ်နိုင်ငံလုံးဝန်ထမ်း ငါးသိန်းရှိတယ် ဆိုလို့ရှိရင် ရပ်ဝေးဒေသက လာရောက်တာဝန်ထမ်းဆောင်ရတဲ့ ဝန်ထမ်းအတွက် နှစ်သောင်းခွဲလောက်တော့ ရှိဖို့ကောင်းပါတယ်။ ဒါကို ဝန်ကြီးဖြေတာလည်း ကောင်းပါတယ်။ နှစ်အလိုက် ဆောင်ရွက်သွားမယ်ဆိုတဲ့ ကိစ္စပါ။ ဒါလေးကို အာရုံစိုက်ပြီးတော့ ဒီထက်ကို တိုးတက်မှုနှုန်းများအောင် အမြန်ဆုံးဆောင်ရွက် ပေးမယ်ဆိုရင် လစာတိုးပေးတာထက်ကို အများကြီးထိရောက်တယ်။ တချို့ဝန်ထမ်းကျတော့လည်း မိမိရဲ့ သားသမီးပါ ဒီဌာနမှာ ဆောင်ရွက်တဲ့အတွက် သားစဉ်မြေးဆက်ပါနေနိုင်တဲ့ အနေအထားလေးတွေရှိတဲ့ အတွက် သူတို့အတွက် အများကြီးအဆင်ပြေမှာဖြစ်ပါတယ်။

ဒါကြောင့် ဗိုလ်မှူးချုပ်အောင်ကျော်ရဲ့မေးခွန်းနဲ့ ဒုတိယဝန်ကြီးရဲ့အဖြေကို နည်းဥပဒေ ၁၂၂ အရ နိုင်ငံတော်ပြန်တမ်းမှာ ထည့်သွင်းဖို့ ဆုံးဖြတ်ပါတယ်။ (ဩဘာသံများ)

## ၂၁-၇-၂၀၁၄ ရက်နေ့တွင် ကျင်းပသည့် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၃၁) ရက်မြောက်နေ့တွင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ၏မေးခွန်းနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၏ဖြေကြားချက်

**အဝေးပြေးယာဉ်မောင်းများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာစေရန် ရက်တိုသင်တန်းပေး၍ အဆင့်ရှိရှိ စနစ်တကျမောင်းနှင်တတ်စေရေးကို ပညာပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂) မှ ဦးလှဆွေက အဝေးပြေးယာဉ်မောင်းများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာစေရန် ရက်တိုသင်တန်းပေး၍ အဆင့်ရှိရှိ စနစ်တကျမောင်းနှင်တတ်စေရေးကို ပညာပေးရန် အစီအစဉ် ရှိ/မရှိနဲ့စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၇။**

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနဲ့ ဧည့်သည်တော်များ ကျက်သရေမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံတော်မူကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းလိုတဲ့ မေးခွန်းကတော့ အဝေးပြေးယာဉ်မောင်းများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာစေရန် ရက်တိုသင်တန်းများပေးပြီးတော့ အဆင့်ရှိရှိ စနစ်တကျမောင်းနှင်တတ်စေရေး ပညာပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ စပ်လျဉ်းတဲ့မေးခွန်းပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဝေးပြေးယာဉ်နဲ့ ခရီးသွားခြင်းဟာ မြန်မာနိုင်ငံအနှံ့အပြားမှာ အရှိန်အဟုန်နဲ့ ကျယ်ပြန့်စွာတိုးတက်ထွန်းကားလာတဲ့ ပို့ဆောင်ရေးလုပ်ငန်းကြီးတစ်ခုဖြစ်သည့် အားလျော်စွာ အဝေးပြေးယာဉ်ဖြင့် ခရီးသွားသူဦးရေဟာလည်း အခြားလေယာဉ်တွေ၊ ရထားတွေ၊ သင်္ဘောတွေနဲ့ သွားတဲ့ သူထက် တစ်ဆတစ်ဆ ပိုများလာတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒီလိုမော်တော်ယာဉ်နဲ့ ခရီးသွားခြင်းတိုးတက်လာတဲ့အကြောင်းဟာတော့ လေယာဉ်ခရီးစဉ်ဟာ ကန့်သတ်ချက်ရှိတယ်။ ရထားနဲ့ သင်္ဘောတွေဟာ နှေးကွေးတယ်။ ဒါကြောင့်မို့လို့ ဖြစ်သည့်အပြင် လမ်းပန်းဆက်သွယ်ရေးက ပိုမိုကောင်းမွန်လာပြီးတော့ အဆင့်မြင့်ကားတွေဟာ ပေါ်များလာတာဟာလည်း အဝေးပြေးယာဉ်လုပ်ငန်းတိုးတက်မှုရဲ့ အဓိက အချက်တွေ ဖြစ်ပါတယ်။

သို့သော်လည်းပဲ အဝေးပြေးယာဉ်မောင်းများဟာတော့ အဆင့်မြင့်ကားကြီးများကို မောင်းနေသော်လည်းပဲ ယာဉ်မောင်းတွေရဲ့ စိတ်ဓာတ်ကတော့ အဆင့်မမြင့်သေးတာကို တွေ့ရမှာဖြစ်ပါတယ်။ သောက်စားမူးယစ်ခြင်း၊ လိုင်စင်မရှိဘဲ ကားမောင်းခြင်း၊ အခြားကားကို ကျော်တက်လိုခြင်း၊ မိမိကားကို ကျော်မတက်နိုင်ရန် လမ်းလယ်မှ ခွမောင်းခြင်း ပွတ်ကာသီကာ အထိတ်တလန့်ဖြစ်အောင် ပွတ်ဆွဲခြင်း၊ ခရီးသည်များကို ထမင်းရှင်၊ ကျေးဇူးရှင်လိုမမြင်ဘဲ အချုပ်ခန်းထဲရောက်လာသောတရားခံလို ထောင်ဝါဒါက ဆက်ဆံသလို ဆက်ဆံနေခြင်းများကို နေ့စဉ်နဲ့အမျှ မြင်တွေ့နေရပါတယ်။

ဒါကြောင့် မလိုလားအပ်တဲ့ ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှု၊ ခိုက်ရန်ဖြစ်ပွားမှုများ ကြုံတွေ့ရပြီး ခရီးသည်တွေ အနည်းနဲ့အများ အသက်ဆုံးရှုံးခြင်း၊ ဒုက္ခိတဖြစ်ရခြင်းများ ကြုံတွေ့ရလျက်ရှိပါတယ်။ အခြားနိုင်ငံများမှ အဝေးပြေးယာဉ်မောင်းများဟာတော့ သူတို့ရဲ့ ဝတ်စားဆင်ယင်မှုက စပြီးတော့ လေယာဉ်ပျံ

Pilot တစ်ယောက်လို ဝတ်စားပြီးတော့ ခရီးသည်တွေကို မိုက်ခရိုဖုန်းကနေတစ်ဆင့် အချက် (၆) ချက်ကို သူတို့ပြောဆိုတာကို ကျွန်တော် လက်တွေ့ကြားခဲ့ရပါတယ်။ ပထမအချက်က မိမိဟာ ယာဉ်မောင်း ဖြစ်ပါတယ်။ မိမိနာမည်ဟာ ဘယ်သူဖြစ်ပါတယ်။ နံပါတ် (၂) မိမိဟာ ယာဉ်မောင်းသက်တမ်း ဘယ်လောက် ရှိပြီဖြစ်ပြီးတော့ မိမိရဲ့ယာဉ်မောင်းလိုင်စင်အမှတ်ဟာ ဘယ်လောက်ဖြစ်ပါတယ်။ နံပါတ် (၃) ကျွန်တော်တို့ ကားကိုတော့ တစ်နာရီကို ကီလိုမီတာဘယ်လောက်နဲ့ မောင်းမှာဖြစ်ပြီးတော့ ခရီးဆုံးကို ရောက်ရှိဖို့ရာအတွက် ညနေဘယ်နှနာရီမှာ ရောက်မယ်လို့ ခန့်မှန်းပါတယ်လို့ သူက ပြောပါတယ်။ နံပါတ် (၄) အချက်က ပြင်ပမှာ အပူချိန်က ဘယ်လောက်ရှိပြီးတော့ ကားအတွင်းက အပူချိန်ဟာ ဘယ်လောက်ရှိပါတယ်ဆိုပြီးတော့ သူက ရှင်းပြပါတယ်။ နံပါတ် (၅) ခရီးသည်တွေ အေးချမ်းစွာလိုက်ပါစီးနင်းနိုင်ကြောင်းနဲ့ နံပါတ် (၆) အချက်ကတော့ ကားတကယ်လို့ Accident ဖြစ်ရင် မှန်ခွဲရမယ့်တူတွေဟာ ထိုင်ခုံအောက်မှာရှိပါတယ်။ ဒီတူတွေကိုတော့ လူကြီးမင်းများ ကားပေါ်ကဆင်းရင် ယူမသွားပါနဲ့လို့ သူက ပြောပါတယ်။ အဲဒီလိုမျိုး ကျွန်တော် ကြားရတဲ့အခါမှာ ဖော်ရွေတဲ့ ဒရိုင်ဘာတွေရဲ့ မိတ်ဆက်စကားကို ကြားရတဲ့အခါမှာ ကျွန်တော်တို့ နိုင်ငံက ယာဉ်မောင်းတွေရဲ့ မူးယစ်တဲ့အသံတွေ၊ ဆူဆဲငေါက်ငမ်းသံတွေ၊ အခြားကားတွေကို မထီမဲ့မြင်ပြုပြီးတော့ မောင်းနှင်ပုံတွေကို တွေ့ရတဲ့အခါကျတော့ တခြားစီဖြစ်နေတာကို ကျွန်တော်တွေ့ရပါတယ်။

ဒါကြောင့် အဝေးပြေးယာဉ်များ မထွက်ခွာမီ စတင်ထွက်ခွာချိန်မှာ မိုက်ခရိုဖုန်းကနေတစ်ဆင့် ယာဉ်မောင်းသူတွေက ခရီးသည်ကို အဲဒီအချက် (၆) ချက်ကို ပြောဆိုမိတ်ဆက်ဖို့ ညွှန်ကြားချက်ထုတ်သင့် တယ်လို့လည်း ကျွန်တော်ထင်ပါတယ်။ ဒ့ါအပြင် ကားမှောက်လို့ရှိရင် မှန်ခွဲနိုင်ဖို့ ထိပ်ချွန်သံတူများကိုလည်း အဆင်သင့်မထားမနေရ၊ အဝေးပြေးယာဉ်လိုင်းတွေမှာ ထားပေးရမယ်လို့လည်း ညွှန်ကြားချက်ထုတ်သင့် ပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကို လာတက်တဲ့ စက်မှုဝန်ကြီးဌာနက ထုတ်တဲ့ကားတွေမှာတော့ ဒီလို မှန်ခွဲဖို့ တူလေးတွေ အဆင်သင့်တပ်ဆင်ထားပေးတာကို တွေ့ရပါတယ်။ ဒီလို မှန်ခွဲတဲ့တူလေးတွေ မပါတဲ့ အတွက်ကြောင့် ကျွန်တော်တို့ ဟိုးပြီးခဲ့တဲ့နှစ်က မော်လမြိုင်ဘက်မှာ ဝေါနားမှာ အဆင့်မြင့်လေအိတ်မှန်လုံ ကားကြီး ရေထဲကို ဒီလိုမှောက်သွားတဲ့အခါမှာ ရေကတော့ သိပ်တော့မများပေမယ့် မှန်ထဲကနေထွက်လို့မရတဲ့ အခါမှာ ရေနစ်သေဆုံးတဲ့ ခရီးသည်တွေဟာ ဒါ မဖြစ်သင့်ဘဲ ဖြစ်ရတဲ့ပြဿနာတွေ ဖြစ်ပါတယ်။ အဲဒီလိုသာ မှန်ခွဲတဲ့တူလေးတွေ တပ်ဆင်ပေးမယ်ဆိုရင် ခရီးသည်တွေရဲ့အသက်ကို ကယ်တင်နိုင်မှာဖြစ်ပါတယ်။ ဒီတူလေးတွေဟာ တန်ဖိုးအားဖြင့် ဘယ်လောက်မှလည်း မရှိဘူး။ ပြီးရင် အိမ်ယူသွားပြီးတော့ သံရိုက်ဖို့ ယူသွားရအောင်ကလည်း သူက ထိပ်နှစ်ဖက်ကို ချွန်ထားတဲ့အတွက် ရိုက်ဖို့ယူသွားလို့လည်း ကောင်းတဲ့ဟာမျိုး မဟုတ်ဘူး။ ဒါမျိုးတူတွေကို မှန်လုံ Express အခု လေအိတ်ကားကြီးတွေဟာ ဒါ မှန်က ဖွင့်မရတဲ့မှန်ကြီးတွေ ဖြစ်ပါတယ်။ ဒါတွေကို ခွဲထွက်ဖို့အတွက် ဒီတူလေးတွေကို ဆောင်ထားဖို့ ညွှန်ကြားချက် ထုတ်သင့်တယ်လို့ ကျွန်တော် ထင်ပါတယ်။

ဒ့ါအပြင် ဒရိုင်ဘာက မိမိကိုယ်မိမိ အဲဒီလို မိတ်ဆက်လိုက်ပြီး၊ ကျွန်တော့်နာမည်က ဘယ်သူပါ။ ကျွန်တော့်ယာဉ်မောင်းလိုင်စင်က ဘယ်လောက်ပါ။ ကျွန်တော်က ဘယ်လောက်မြန်နှုန်းနဲ့ တစ်နာရီကို ကီလိုမီတာ ဘယ်လောက်နှုန်းနဲ့ မောင်းပြီးတော့ ခရီးဆုံးကိုတော့ ကျွန်တော် ဘယ်နှနာရီရောက်မယ်လို့ မှန်းပါတယ် စသည်ဖြင့် မိတ်ဆက်လိုက်ခြင်းအားဖြင့် ခရီးသည်တွေဟာ ဩ် ဒရိုင်ဘာအပေါ်မှာ ယုံကြည် ပြီးတော့ စိတ်ချမ်းသာ၊ လက်ချမ်းသာ လိုက်နိုင်မှာဖြစ်ပါတယ်။ အခုတော့ ကျွန်တော်တို့နိုင်ငံမှာတော့ ဘယ်သူ တက်မောင်းလို့ မောင်းနေမှန်းမသိဘူး။ လိုင်စင်ပါလား၊ မပါလားမသိဘူး။ သူတို့ဟာ မူးနေသလား၊ မမူး

နေသလားလည်း မသိဘူး။ တချို့ဆိုလို့ရှိရင် (၁၁၅) မိုင်လိုနေရာမျိုးမှာ ကားခေတ္တရပ်တုန်းမှာ သောက်စားနေတဲ့ ဒရိုင်ဘာတွေကို ကျွန်တော့်အနေနဲ့ မြင်တွေ့ရပါတယ်။ ဒါတွေဟာဆိုလို့ရှိရင်တော့ ဒရိုင်ဘာအနေနဲ့က ကိုယ့်ခရီးသည်တွေရဲ့အသက်ဟာ သူ့လက်ထဲမှာ ရှိတဲ့အတွက်ကြောင့် သူတို့ကိုယ်တိုင်က ဒီလိုမျိုး မိတ်ဆက်ပြီးတော့ လူကြီးလူကောင်းပီသစွာ သိက္ခာရှိစွာနဲ့ မိတ်ဆက်ပေးလိုက်မယ်ဆိုရင် သူကလည်း ငါခရီးသည်တွေကို မိတ်ဆက်ထားတာ ငါ့ကိုယ်ငါ မိတ်ဆက်ထားတာ ငါလူကြီးလူကောင်းပီသစွာနဲ့ မောင်းတော့မယ်၊ ကောင်းကောင်းမွန်မွန် မောင်းတော့မယ်ဆိုတဲ့စိတ် သူတို့ဝင်သွားမယ်လို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။

ဒါကြောင့်မို့လို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အထက်ပါမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၂။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ပတ်သက်ပြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၁း၀၂။**

**ဦးချန်မောင် (ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများနဲ့ ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်ခင်ဗျား။ ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေရဲ့ မေးခွန်းကို ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရဲ့ကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးချန်မောင်မှ ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

ခရီးသည်တင်ယာဉ်တွေ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးနဲ့ ယာဉ်မတော်တဆဖြစ်ပွားမှုအန္တရာယ်များ ကြိုတင်ကာကွယ်တဲ့အနေနဲ့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအောက်မှာရှိတဲ့ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်ရုံးများဟာ သက်ဆိုင်ရာတာဝန်ရှိဌာနအဖွဲ့အစည်းများဖြစ်တဲ့ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ ယာဉ်ထိန်းရဲတပ်ဖွဲ့နဲ့ အခြားသက်ဆိုင်တဲ့ အဖွဲ့အစည်းများမှာ ပါဝင်တဲ့ ပူးပေါင်းအဖွဲ့နဲ့အတူ ခရီးသည်တင်ယာဉ်များ အမြန်လမ်းမှ စတင်ထွက်ခွာတဲ့နေရာများမှာ စစ်ဆေးဖို့အတွက် ကျွန်တော်တို့ ၂၃-၅-၂၀၁၄ ရက်စွဲပါ ညွှန်ကြားချက်အမှတ်၊ ၁၇/၂၀၁၄ နဲ့ ထုတ်ပြန်ထားခဲ့ပါတယ်။ အဲဒီညွှန်ကြားချက်မှာ ပါဝင်တဲ့ ယာဉ်များကို စစ်ဆေးရမယ့် အချက် (၁၃) ချက်ထဲမှာ ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့ မီးသတ်ဆေးဘူးတွေ တပ်ဆင်ထားခြင်း ရှိ/မရှိ၊ အရေးပေါ် ထွက်ပေါက်ထားရှိခြင်း ရှိ/မရှိ၊ အသုံးပြုနိုင်ဖို့ ရှိ/မရှိ၊ မှန်ခွဲတူ၊ ပုဆိန် စသည်ဖြင့် (Emergency Hammer) ပါရှိမှု ရှိ/မရှိနဲ့ ယာဉ်မောင်းများ စစ်ဆေးရမယ့် အချက် (၁၀) ချက်ထဲမှာ သက်တမ်းရှိ (င) ယာဉ်မောင်းလိုင်စင် ပါရှိမှု ရှိ/မရှိ၊ လိုင်စင်အတုနဲ့ မောင်းနှင်ခြင်း ရှိ/မရှိ၊ ယာဉ်မောင်းများ အရက်မူးခြင်း ရှိ/မရှိ၊ မူးယစ်ဆေးဝါးသုံးစွဲထားခြင်း ရှိ/မရှိ၊ ယာဉ်မထွက်ခွာမီ ခရီးသည်များအား ဘေးကင်းလုံခြုံရေးအတွက် ကြိုတင်မှာကြားဆောင်ရွက်ရေးနဲ့ စိစစ်မှု ရှိ/မရှိတို့ကို ပါရှိထားပြီးဖြစ်ပါတယ်။

ဒို့အပြင် ခရီးသည်များ စိတ်ချမ်းသာစွာ လိုက်ပါနိုင်ရန်အတွက် အဆင့်မြင့်ယာဉ်များ အပါအဝင်မော်တော်ယာဉ်အသီးသီးမှာ တာဝန်ထမ်းဆောင်လျက်ရှိတဲ့ ယာဉ်အကူများရဲ့ ဆောင်ရွက်ရမယ့် တာဝန်ဝတ္တရားများကိုလည်း တိုးတက်ပြောင်းလဲလာတဲ့ ခေတ်စနစ်နဲ့အညီ ၂၄-၆-၂၀၁၄ ရက်စွဲပါ ရုံးအမိန့်အမှတ် (လုပ်ငန်း-၂၀/၁၄) နဲ့ ပြင်ဆင်သတ်မှတ်ပေးပြီး ဖြစ်ပါတယ်။ အဲဒီသတ်မှတ်ချက်တွေမှာတော့ အလုပ်ချိန်ပြည့်

ခရီးသည်များနဲ့ ထိတွေ့ဆက်ဆံနေရခြင်းကြောင့် ဖျတ်လတ်တက်ကြွမှုရှိရန်နဲ့ ယဉ်ကျေးသိမ်မွေ့မှုရှိရန်၊ ခရီးစတင်ထွက်ခွာတဲ့အချိန်မှာ ယာဉ်မောင်း၊ အရန်ယာဉ်မောင်း၊ ယာဉ်အကူများရဲ့အမည်ကို မိတ်ဆက်ပေးရန်၊ အဝေးယာဉ်လိုင်းမှာ ခရီးစတင်ထွက်ခွာတဲ့အချိန်မှာ ခရီးသည်များအား ထိုင်ခုံခါးပတ်ပတ်ထားစေရန်၊ အရေးပေါ်အခြေအနေ ပေါ်ပေါက်လာပါက အသုံးပြုရမယ့် အရေးပေါ်ထွက်ပေါက် အသုံးပြုပုံ၊ မီးသတ်ဆေးဘူး အသုံးပြုပုံ၊ အရေးပေါ်ဆေးသေတ္တာ အသုံးပြုပုံတို့ကို သရုပ်ပြပေးရန်၊ အရေးပေါ်အသုံးပြုရမယ့်ပစ္စည်းများဖြစ်တဲ့ မီးသတ်ဆေးဘူး၊ ဆေးသေတ္တာ၊ တူ၊ ရဲဒင်း စသည်တို့ကို ကောင်း/မကောင်း၊ သုံးစွဲနိုင်မှုရှိ/မရှိ စစ်ဆေးရန်နှင့် ခရီးသည်များကို အရေးပေါ်ရှေးဦးသူနာပြုကုသနိုင်ရေးအတွက် လိုအပ်တဲ့သင်တန်းများ တက်ရောက်ထားရန်တို့ ပါဝင်ထားပြီး ဖြစ်ပါတယ်။ စစ်ဆေးချက်နဲ့မညီတဲ့ ယာဉ်တွေကိုခရီးသွားပြည်သူများ ဘေးအန္တရာယ်ကင်းဝေးပြီး လုံခြုံစိတ်ချစွာ ခရီးသွားနိုင်ရေးအတွက် ခရီးဆက်ရန်တားမြစ်ကန့်သတ်ခြင်း၊ ယာဉ်မောင်းလိုင်စင်တု ကိုင်ဆောင်မောင်းနှင်သူများကို ဥပဒေအရ တရားစွဲဆိုခြင်း၊ ယာဉ်ပိုင်ရှင်နဲ့ ယာဉ်လိုင်းများအား သတိပေးခြင်း၊ လိုအပ်ပါက အရေးယူခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။

လစဉ် စစ်ဆေးတွေ့ရှိချက်အပေါ် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့နဲ့ ကုန်းလမ်းနဲ့ ပြည်တွင်းသယ်ယူပို့ဆောင်ရေးအဖွဲ့များသို့ သက်ဆိုင်တဲ့ ယာဉ်အသင်းများအား လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်းပြုရေးအတွက် တင်ပြထားဖို့ ညွှန်ကြားချက်ထုတ်ပြန်ထားပါတယ်။ ဒါ့အပြင် ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေးအတွက် မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီများ၊ မော်တော်ယာဉ်လိုင်းအသင်းများနဲ့ ညှိနှိုင်းပေါင်းစပ်ပြီးတော့ ယာဉ်လိုင်း၊ ယာဉ်အသင်းများမှာ မောင်းနှင်နေတဲ့ (င) ယာဉ်မောင်းလိုင်စင်ကိုင်ဆောင်သူ ယာဉ်မောင်းများအားလုံးကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးသင်တန်း ပြန်လည်တက်ရောက်စေပြီး လက်ရှိစစ်ဆေးနေတဲ့စနစ်မှာ ပါဝင်တဲ့ စစ်ဆေးရမယ့်နည်းလမ်းတွေအပြင် လက်တွေ့ယာဉ်မောင်းစစ်ဆေးခြင်းကို သူတို့အသုံးပြုနေတဲ့ ဘတ်စ်ကားနဲ့ စစ်ဆေးပြီးအောင်မြင်မှသာ ခရီးသည်တင်ယာဉ်မောင်း ပြန်လည်မောင်းနှင်ခွင့်ပြုဖို့ကိစ္စနဲ့ပတ်သက်ပြီး ၂၃-၅-၂၀၁၄ ရက်စွဲပါ ညွှန်ကြားချက်အမှတ်၊ ၁၆/၂၀၁၄ နဲ့ ညွှန်ကြားထားပါတယ်။ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်ရုံးများအနေနဲ့လည်း ဒီညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ဒါ့အပြင် လွှတ်တော်ကိုယ်စားလှယ်ကြီး ထပ်မံမေးမြန်းထားတဲ့ အဝေးပြေးယာဉ်မောင်းနှင်တဲ့ယာဉ်မောင်းမှာလည်း ခရီးမထွက်ခွာမီ မိမိရဲ့အမည်၊ ယာဉ်မောင်းလိုင်စင်အမှတ်နဲ့ သက်တမ်းတို့ကိုမိတ်ဆက်ရန်၊ မောင်းနှင်မယ့် အမြန်နှုန်း၊ ခရီးဆုံးသို့ ရောက်ရှိမည့်အချိန်၊ ပြင်ပအပူချိန်နဲ့ ယာဉ်တွင်းအပူချိန်တို့ကို ကြေညာပေးရန်၊ ခရီးသည်များ စိတ်ချမ်းသာစွာ လိုက်ပါနိုင်ကြောင်းနဲ့ အရေးပေါ်အခြေအနေပေါ်ပေါက်ပါက အသုံးပြုရမယ့် အရေးပေါ်ထွက်ပေါက်နေရာများ၊ အသုံးပြုရမယ့်ပစ္စည်းများဖြစ်တဲ့ မီးသတ်ဆေးဘူး၊ ဆေးသေတ္တာ၊ တူ၊ ရဲဒင်းတို့ ထားရှိတဲ့နေရာတို့ကို ရှင်းလင်းပြသထားရန်တို့ကို ၄-၇-၂၀၁၄ ရက်စွဲပါရုံးအမိန့်အမှတ် (လုပ်ငန်း-၂၄/၁၄) နဲ့ ပြည်နယ်/တိုင်းဒေသကြီး၊ ခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနများကတစ်ဆင့် သက်ဆိုင်ရာယာဉ်လိုင်းအဖွဲ့အစည်းများသို့ ထပ်မံညွှန်ကြားထားပြီးဖြစ်ကြောင်းနဲ့ယာဉ်လိုင်းများမှ လိုက်နာဆောင်ရွက်ရေး ကြပ်မတ်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ဖြေရှင်းတင်ပြအပ်ပါတယ်။

**အချိန်၊ ၁၁း၁၂။**

**ဥက္ကဋ္ဌ။** ။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂) မှ ဦးလှဆွေရဲ့မေးခွန်းနဲ့ ဒုတိယဝန်ကြီးရဲ့အဖြေကို နည်းဥပဒေ ၁၂၂ အရ နိုင်ငံတော်ပြန်တမ်းမှာ ထည့်သွင်းဖို့အတွက် ဆုံးဖြတ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၄၁/၂၀၁၄**

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက် )

**ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များကူညီစောင့်ရှောက်ရေးကော်မတီ ဖွဲ့စည်းခြင်း**

၁။ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၇၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေများ၏ နည်းဥပဒေ ၇၉ နှင့် အမျိုးသားလွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်တို့အရ ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များကူညီစောင့်ရှောက်ရေးကော်မတီကို အောက်ပါ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဒေါက်တာခင်ရွှေ | မဲဆန္ဒနယ်အမှတ် (၉)၊ ရန်ကုန်တိုင်းဒေသကြီး | ဥက္ကဋ္ဌ |
| (ခ) | ဦးဖေသောင်း | မဲဆန္ဒနယ်အမှတ် (၆)၊ ကချင်ပြည်နယ် | |
| (ဂ) | ဦးကော်ရိုင်း | မဲဆန္ဒနယ်အမှတ် (၉)၊ ကယားပြည်နယ် | |
| (ဃ) | ဦးကျားမောင် (ခ) ဦးမောင်ကျား | မဲဆန္ဒနယ်အမှတ် (၈)၊ တနင်္သာရီတိုင်းဒေသကြီး | |
| (င) | ဦးလှစိုး | မဲဆန္ဒနယ်အမှတ် (၉)၊ တနင်္သာရီတိုင်းဒေသကြီး | |
| (စ) | ဦးအောင်သန်း | မဲဆန္ဒနယ်အမှတ် (၁၀)၊ မကွေးတိုင်းဒေသကြီး | |
| (ဆ) | ဦးဝင်းမောင် | မဲဆန္ဒနယ်အမှတ် (၄)၊ မန္တလေးတိုင်းဒေသကြီး | |
| (ဇ) | ဦးဋ္ဌေးဝင်း (ခ) ဇာယာဒ်ရော်မံ | မဲဆန္ဒနယ်အမှတ် (၇)၊ ရခိုင်ပြည်နယ် | |
| (ဈ) | ဦးဝီလ်ဆင်မိုး | မဲဆန္ဒနယ်အမှတ် (၇)၊ ရှမ်းပြည်နယ် | |
| (ည) | ဗိုလ်မှူးမြင့်စိန် | တပ်မတော်သားကိုယ်စားလှယ် | အတွင်းရေးမှူး |

၂။ ကော်မတီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့် ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှစ၍ အမျိုးသားလွှတ်တော်၏ ကျန်ရှိသည့်သက်တမ်းအတိုင်းဖြစ်သည်။

၃။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုးတာဝန်ပေးအပ်နိုင်သည်။

၄။ ကော်မတီ၏တာဝန်၊ ကော်မတီ၏လုပ်ပိုင်ခွင့်များ၊ ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခြင်း၊ ရပ်စဲခြင်းနှင့် အစားထိုးတာဝန်ပေးအပ်ခြင်း၊ လွှတ်လပ်စွာပြောဆိုခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့်၊ ကော်မတီဝင်များ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ စသည်တို့ကို ကော်မတီအစည်းအဝေးထိုင်ပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြသွားရန် ဖြစ်သည်။

(ပုံ) ခင်အောင်မြင့်

ဥက္ကဋ္ဌ

အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၄၂/၂၀၁၄**

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက် )

**နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့်**
**ပူးပေါင်းဆောင်ရွက်ရေးကော်မတီ ဖွဲ့စည်းခြင်း**

၁။ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၇၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေများ၏ နည်းဥပဒေ ၇၉ နှင့် အမျိုးသားလွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်တို့အရ နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီကို အောက်ပါ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဦးညွန့်တင် | မဲဆန္ဒနယ်အမှတ် (၂)၊ ရန်ကုန်တိုင်းဒေသကြီး | ဥက္ကဋ္ဌ |
| (ခ) | ဦးစံထွန်း | မဲဆန္ဒနယ်အမှတ် (၁၁)၊ ကချင်ပြည်နယ် | |
| (ဂ) | ဦးဂျေယောဝူ | မဲဆန္ဒနယ်အမှတ် (၁၂)၊ ကချင်ပြည်နယ် | |
| (ဃ) | ဦးဇုန်လှယ်ထန်း | မဲဆန္ဒနယ်အမှတ် (၂)၊ ချင်းပြည်နယ် | |
| (င) | ဦးတင်မောင်မြင့် | မဲဆန္ဒနယ်အမှတ် (၃)၊ တနင်္သာရီတိုင်းဒေသကြီး | |
| (စ) | ဦးလှသိန်း | မဲဆန္ဒနယ်အမှတ် (၃)၊ မကွေးတိုင်းဒေသကြီး | |
| (ဆ) | ဦးအေး | မဲဆန္ဒနယ်အမှတ် (၇)၊ မန္တလေးတိုင်းဒေသကြီး | |
| (ဇ) | ဒုတိယဗိုလ်မှူးကြီးစိုးလင်း | တပ်မတော်သားကိုယ်စားလှယ် | |
| (ဈ) | ဦးဝင်းနောင် | မဲဆန္ဒနယ်အမှတ် (၅)၊ ရန်ကုန်တိုင်းဒေသကြီး | အတွင်းရေးမှူး |

၂။ ကော်မတီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့် ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှစ၍ အမျိုးသား လွှတ်တော်၏ ကျန်ရှိသည့်သက်တမ်းအတိုင်းဖြစ်သည်။

၃။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ် အစားထိုးတာဝန်ပေးအပ်နိုင်သည်။

၄။ ကော်မတီ၏တာဝန်၊ ကော်မတီ၏လုပ်ပိုင်ခွင့်များ၊ ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခြင်း၊ ရပ်စဲခြင်းနှင့် အစားထိုးတာဝန်ပေးအပ်ခြင်း၊ လွှတ်လပ်စွာပြောဆိုခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့်၊ ကော်မတီဝင်များ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ စသည်တို့ကို ကော်မတီအစည်းအဝေးထိုင်ပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြသွားရန် ဖြစ်သည်။

(ပုံ) ခင်အောင်မြင့်

ဥက္ကဋ္ဌ

အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၄၃/၂၀၁၄**

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက် )

**အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီ ဖွဲ့စည်းခြင်း**

၁။ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၇၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေများ၏ နည်းဥပဒေ ၇၉ နှင့် အမျိုးသားလွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်တို့အရ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီကို အောက်ပါ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဦးခင်မောင် (ခ) ဦးအောင်ကျော်ဦး | မဲဆန္ဒနယ်အမှတ် (၃)၊ ရခိုင်ပြည်နယ် | ဥက္ကဋ္ဌ |
| (ခ) | ဦးမြအုန်း | မဲဆန္ဒနယ်အမှတ် (၈)၊ ကချင်ပြည်နယ် | |
| (ဂ) | ဒေါက်တာထွန်းလွင် | မဲဆန္ဒနယ်အမှတ် (၉)၊ ကချင်ပြည်နယ် | |
| (ဃ) | ဦးကျော်ဒင် | မဲဆန္ဒနယ်အမှတ် (၂)၊ ကယားပြည်နယ် | |
| (င) | ဦးသန်းမြင့် | မဲဆန္ဒနယ်အမှတ် (၁၀)၊ တနင်္သာရီတိုင်းဒေသကြီး | |
| (စ) | ဦးမင်းဦး | မဲဆန္ဒနယ်အမှတ် (၇)၊ ပဲခူးတိုင်းဒေသကြီး | |
| (ဆ) | ဦးကြည်ထွန်း | မဲဆန္ဒနယ်အမှတ် (၁)၊ မကွေးတိုင်းဒေသကြီး | |
| (ဇ) | ဒေါက်တာငွေးနိုင် | မဲဆန္ဒနယ်အမှတ် (၇)၊ ဧရာဝတီတိုင်းဒေသကြီး | |
| (ဈ) | ဒုတိယဗိုလ်မှူးကြီးကျော်စံဦး | တပ်မတော်သားကိုယ်စားလှယ် | အတွင်းရေးမှူး |

၂။ ကော်မတီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့် ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှစ၍ အမျိုးသားလွှတ်တော်၏ ကျန်ရှိသည့်သက်တမ်းအတိုင်းဖြစ်သည်။

၃။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုးတာဝန်ပေးအပ်နိုင်သည်။

၄။ ကော်မတီ၏တာဝန်၊ ကော်မတီ၏လုပ်ပိုင်ခွင့်များ၊ ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခြင်း၊ ရပ်စဲခြင်းနှင့် အစားထိုးတာဝန်ပေးအပ်ခြင်း၊ လွှတ်လပ်စွာပြောဆိုခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့်၊ ကော်မတီဝင်များ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ စသည်တို့ကို ကော်မတီအစည်းအဝေးထိုင်ပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြသွားရန် ဖြစ်သည်။

(ပုံ) ခင်အောင်မြင့်

ဥက္ကဋ္ဌ

အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၄၄/၂၀၁၄**

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက် )

**မဟာဗျူဟာလေ့လာရေးနှင့်သုတေသနကော်မတီ ဖွဲ့စည်းခြင်း**

၁။ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၇၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေများ၏ နည်းဥပဒေ ၇၉ နှင့် အမျိုးသားလွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်တို့အရ မဟာဗျူဟာလေ့လာရေးနှင့် သုတေသနကော်မတီကို အောက်ပါ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဗိုလ်မှူးချုပ်ကျော်ဦးလွင် | တပ်မတော်သားကိုယ်စားလှယ် | ဥက္ကဋ္ဌ |
| (ခ) | ဦးစိုင်းမြမောင် | မဲဆန္ဒနယ်အမှတ် (၁၀)၊ ကချင်ပြည်နယ် | |
| (ဂ) | ဦးစိုင်းသာစိန် | မဲဆန္ဒနယ်အမှတ် (၁၀)၊ ကယားပြည်နယ် | |
| (ဃ) | ဦးတိုးဝင်း | မဲဆန္ဒနယ်အမှတ် (၁၂)၊ တနင်္သာရီတိုင်းဒေသကြီး | |
| (င) | ဦးကျော်ထွန်းအောင် | မဲဆန္ဒနယ်အမှတ် (၅)၊ ရခိုင်ပြည်နယ် | |
| (စ) | ဦးစိုင်းစံမင်း | မဲဆန္ဒနယ်အမှတ် (၃)၊ ရှမ်းပြည်နယ် | |
| (ဆ) | ဦးထွန်းကျော် (ခ) ဦးအိုက်ကျော် | မဲဆန္ဒနယ်အမှတ် (၁၀)၊ ရှမ်းပြည်နယ် | |
| (ဇ) | ဒုတိယဗိုလ်မှူးကြီးဇော်မိုး | တပ်မတော်သားကိုယ်စားလှယ် | |
| (ဈ) | ဗိုလ်မှူးတိုးမင်းထွန်း | တပ်မတော်သားကိုယ်စားလှယ် | |
| (ည) | ဗိုလ်မှူးဇဝန | တပ်မတော်သားကိုယ်စားလှယ် | အတွင်းရေးမှူး |

၂။ ကော်မတီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့် ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှစ၍ အမျိုးသားလွှတ်တော်၏ ကျန်ရှိသည့်သက်တမ်းအတိုင်းဖြစ်သည်။

၃။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုးတာဝန်ပေးအပ်နိုင်သည်။

၄။ ကော်မတီ၏တာဝန်၊ ကော်မတီ၏လုပ်ပိုင်ခွင့်များ၊ ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခြင်း၊ ရပ်စဲခြင်းနှင့် အစားထိုးတာဝန်ပေးအပ်ခြင်း၊ လွှတ်လပ်စွာပြောဆိုခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့်၊ ကော်မတီဝင်များ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ စသည်တို့ကို ကော်မတီအစည်းအဝေးထိုင်ပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြသွားရန် ဖြစ်သည်။

(ပုံ) ခင်အောင်မြင့်

ဥက္ကဋ္ဌ

အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၄၅/၂၀၁၄**

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၂ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက် )

**နိုင်ငံရေး၊ စီးပွားရေးနှင့်ဥပဒေရေးရာကော်မရှင်၏ သက်တမ်းတိုးမြှင့်ခြင်း**

အမျိုးသားလွှတ်တော်တွင် အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၃၂၊ ဥပဒေပုဒ်မ ၃၃ နှင့် ယင်းနည်းဥပဒေများ ၈၁၊ ၈၂ တို့အရ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် ဖွဲ့စည်းထားသည့် နိုင်ငံရေး၊ စီးပွားရေးနှင့်ဥပဒေရေးရာကော်မရှင်ကို ယင်းသက်တမ်း တစ်နှစ်ပြည့်မြောက်သည့်နေ့ရက်၏ နောက်တစ်နေ့ ဖြစ်သော ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှစ၍ အမျိုးသားလွှတ်တော်၏ ကျန်ရှိသည့်သက်တမ်းအတွင်း အောက်ပါပုဂ္ဂိုလ်များဖြင့် သက်တမ်းတိုးမြှင့်ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| ၁။ | ဦးမြင့်သိန်း | ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)<br>လွှတ်တော်ရုံး | ဥက္ကဋ္ဌ |
| ၂။ | ဗိုလ်မှူးချုပ်ခင်မောင်အေး | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| ၃။ | ဦးအောင်မင်း | ဦးဆောင်ညွှန်ကြားရေးမှူး (ငြိမ်း)<br>မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း<br>ရောင်းဝယ်ရေးလုပ်ငန်း<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး<br>ဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၄။ | ဒေါက်တာထွန်းနိုင် | ဦးဆောင်ညွှန်ကြားရေးမှူး (ငြိမ်း)<br>မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း<br>အဖွဲ့ဝင်<br>မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ | အဖွဲ့ဝင် |
| ၅။ | ဒေါက်တာနီလာသိန်း | ပါမောက္ခချုပ် (ငြိမ်း)<br>ရန်ကုန်ကွန်ပျူတာတက္ကသိုလ်<br>Consultant<br>Carolina Group Co., Ltd | အဖွဲ့ဝင် |
| ၆။ | ဦးကျော်စိန် | ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| ၇။ | ဒေါက်တာမြင့်သိန်း | ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)<br>သမိုင်းသုတေသနဦးစီးဌာန | အဖွဲ့ဝင် |
| ၈။ | ဦးစန်းလွင် | ညွှန်ကြားရေးမှူး (ငြိမ်း)<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| ၉။ | ဦးသန်းဆောင် | စာရင်းကိုင်ချုပ် (ငြိမ်း)<br>မြန်မာ့လေကြောင်း<br>ပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၁၀။ | ဦးအောင်မြင့် | ညွှန်ကြားရေးမှူး (ငြိမ်း)<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| ၁၁။ | ဦးကိုကိုမောင် | ဗိုလ်မှူးကြီး (ငြိမ်း)<br>Executive Director<br>Air Mandalay Ltd | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| ၁၂။ | ဦးမောင်မောင်ထူး | ဗိုလ်မှူးကြီး (ငြိမ်း) | အဖွဲ့ဝင် |
| ၁၃။ | ဦးကြည် | ညွှန်ကြားရေးမှူး (ငြိမ်း)<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | အဖွဲ့ဝင် |
| ၁၄။ | ဦးစိန်လှ | ဥပဒေအကြံပေး (ငြိမ်း)<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး<br>နိုင်ငံတော်ပတ်ဘလစ်နှင့်တရားလွှတ်တော်ရှေ့နေ | အဖွဲ့ဝင် |
| ၁၅။ | ဦးခင်မောင်လတ် | ကထိက (အသုံးချဘောဂဗေဒဌာန) (ငြိမ်း)<br>စီးပွားရေးတက္ကသိုလ် (ရန်ကုန်) | အဖွဲ့ဝင် |
| ၁၆။ | ဦးကျော်ဝင်း | စာရေးဆရာ | အဖွဲ့ဝင် |
| ၁၇။ | ဦးစောမြင့်မောင် | ဂုဏ်ထူးဆောင်ပါမောက္ခ<br>Myanmar Egress | အဖွဲ့ဝင် |
| ၁၈။ | ဒေါက်တာချစ်စံ (ချစ်စံဝင်း) | စာရေးဆရာ | အဖွဲ့ဝင် |
| ၁၉။ | ဒေါ်မြသင်းဝေ | အင်္ဂလိပ်စကားပြောသင်ဆရာမ | အဖွဲ့ဝင် |

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၄၆/၂၀၁၄**

၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက် )

**အမျိုးသားလွှတ်တော်ရွေးကောက်ပွဲများတွင် အချိုးကျကိုယ်စားပြုစနစ် (PR) ကျင့်သုံးရေးဆိုင်ရာအဆို အကောင်အထည်ဖော်ရေးကော်မရှင် အဖွဲ့ဝင်အဖြစ်မှ ပယ်ဖျက်ခြင်း**

အမျိုးသားလွှတ်တော်၏ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၈/၂၀၁၄ ဖြင့် ဖွဲ့စည်းခဲ့သော အမျိုးသားလွှတ်တော်ရွေးကောက်ပွဲများတွင် အချိုးကျကိုယ်စားပြုစနစ် (PR) ကျင့်သုံးရေးဆိုင်ရာအဆို အကောင်အထည်ဖော်ရေးကော်မရှင်၌ အဖွဲ့ဝင်အဖြစ် ပါဝင်သည့် အောက်ဖော်ပြပါ ပုဂ္ဂိုလ် (၃) ဦးအား ၎င်းတို့၏ဆန္ဒအရ အဖွဲ့ဝင်အဖြစ်မှ ပယ်ဖျက်လိုက်သည် -

| | | |
|---|---|---|
| (၁) | ဦးထွန်းကျော် | မဲဆန္ဒနယ်အမှတ် (၁)၊ ရှမ်းပြည်နယ် |
| (၂) | ဦးစောအောင်ကျော်နိုင် (ခ) ရှားဘူးဖော့ | မဲဆန္ဒနယ်အမှတ် (၁)၊ ကရင်ပြည်နယ် |
| (၃) | ဦးဆိုင်ပေါင်းနပ် | မဲဆန္ဒနယ်အမှတ် (၁၂)၊ ရှမ်းပြည်နယ် |

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၂၀/၂၀၁၄)

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက်

( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၀ ရက် )

**တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၆) ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၆) ဦးတို့ကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၃/၂၀၁၁) နှင့် ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၄၈/၂၀၁၂) တို့တွင် ဖော်ပြထားသည့် အောက်ပါ တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၆) ဦးတို့အား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

**မကွေးတိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၁) | ကြည်း ၂၈၅၃၂<br>ဗိုလ်မှူးမိုးကျော်ထွန်း | (အစား) | ကြည်း ၂၉၉၈၉<br>ဗိုလ်ကြီးတင်ဌေး |

**ရခိုင်ပြည်နယ်လွှတ်တော်**

| | | | |
|---|---|---|---|
| (၂) | ကြည်း ၃၃၁၃၄<br>ဗိုလ်မှူးညဏ်လင်းမောင် | (အစား) | ကြည်း ၁၆၅၁၇<br>ဗိုလ်ချုပ်မောင်မောင်အုန်း |
| (၃) | ကြည်း ၃၄၃၄၅<br>ဗိုလ်မှူးကျော်မျိုးထွန်း | (အစား) | ကြည်း ၄၈၃၅၂<br>ဗိုလ်ကြီးကျော်သူ |

**ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၄) | ကြည်း ၃၅၇၄၄<br>ဗိုလ်မှူးအာကာကျော်ဆွေ | (အစား) | ကြည်း ၃၅၁၃၂<br>ဗိုလ်ကြီးခင်မောင်ဝင်း |
| (၅) | ကြည်း ၃၆၂၀၄<br>ဗိုလ်မှူးထွန်းလင်းတာ | (အစား) | ကြည်း ၂၉၄၀၃<br>ဗိုလ်ကြီးအောင်မြတ်ဝင်း |
| (၆) | ကြည်း ၂၈၄၇၀<br>ဗိုလ်ကြီးသက်နိုင်ဦး | (အစား) | ကြည်း ၃၂၄၆၉<br>ဗိုလ်ကြီးသန်းမြင့် |

အမိန့်အရ

တင်ထွန်း

အတွင်းရေးမှူး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၂၁/၂၀၁၄)

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက်

( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၀ ရက် )

### မြန်မာနိုင်ငံရခိုင်ပြည်နယ် အမျိုးသားအင်အားစုပါတီအား ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ အမည်သို့ ပြောင်းလဲခွင့်ပြုခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ အရ မှတ်ပုံတင်အမှတ် (၈) ဖြင့် မှတ်ပုံတင်ထားပြီးဖြစ်သည့် **မြန်မာနိုင်ငံရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ** သည် ယင်းပါတီ၏အမည်ကို **ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ**အမည်သို့ ပြောင်းလဲအသုံးပြုလိုကြောင်း ဤကော်မရှင်သို့ တင်ပြလာပါသည်။

၂။ ယင်းပါတီ၏တင်ပြချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဥပဒေနှင့်အညီ စိစစ်ပြီး ပါတီ၏ အမည်ကို ပြောင်းလဲခွင့်ပြုရန် သဘောတူပါသဖြင့် **မြန်မာနိုင်ငံရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ**အား ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့မှစ၍ **ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ**အမည်ဖြင့် ပြောင်းလဲသတ်မှတ်လိုက်ကြောင်း ကြေညာအပ်ပါသည်။

အမိန့်အရ

တင်ထွန်း
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၂၂/၂၀၁၄)

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက်

( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၄ ရက် )

### ရန်ကုန်တိုင်းဒေသကြီး တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်၏ ပြန်တမ်းဝင်အမှတ် ပြင်ဆင်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၀ ရက်စွဲပါ ကြေညာချက်အမှတ် (၂၀/၂၀၁၄) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၆) ဦး အစားထိုးပြောင်းလဲခြင်း ကြေညာချက်၏ အမှတ်စဉ် (၄) တွင်

ပါရှိသော ရန်ကုန်တိုင်းဒေသကြီး တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်၏ ပြန်တမ်းဝင်အမှတ်အား အောက်ပါအတိုင်း ပြင်ဆင်လိုက်သည် -

| | | |
|---|---|---|
| ကြည်း ၃၅၁၃၂ | (အစား) | ကြည်း ၂၇၇၆၉ |
| ဗိုလ်ကြီးခင်မောင်ဝင်း | | ဗိုလ်ကြီးခင်မောင်ဝင်း |

အမိန့်အရ

တင်ထွန်း
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၂၄/၂၀၁၄)

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၁၃ ရက်
( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၉ ရက် )

### ကယားပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ အစားထိုးတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၁၁ ခုနှစ်၊ ဇွန်လ ၂၃ ရက်စွဲပါ ကြေညာချက်အမှတ် (၁၃/၂၀၁၁) ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည့် ကယားပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနေရာတွင် ကယားပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ တင်ပြချက်အရ ဦးကားဒီယို အစား ဦးစိုင်းခမ်းဝင်းအား စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုး တာဝန်ပေးအပ်လိုက်သည်။

အမိန့်အရ

တင်ထွန်း
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၂၅/၂၀၁၄)

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၄ ရက်
( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက် )

### ချင်းဒီမိုကရေစီအဖွဲ့ချုပ်ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

အမှတ် (၁၀၉၇)၊ ပြည်ထောင်စုလမ်းမ၊ (၄၅) ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန် တိုင်းဒေသကြီးတွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ချင်းဒီမိုကရေစီအဖွဲ့ချုပ်ပါတီ**အား ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ

၁၅ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

**ချင်းဒီမိုကရေစီအဖွဲ့ချုပ်ပါတီ** ၏ မှတ်ပုံတင်အမှတ်မှာ **( ၇၅ )** ဖြစ်ပါသည်။

အမိန့်အရ

တင်ထွန်း
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၂၆/၂၀၁၄)

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၅ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက် )

**ခူမီး (ခမီး) အမျိုးသားပါတီ [KHUMI (KHAMI) NATIONAL PARTY] အား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

အမှတ် (၆)၊ ဆိပ်ကမ်းသာလမ်း၊ ရိက္ခာရပ်ကွက်၊ ပလက်ဝမြို့နယ်၊ ချင်းပြည်နယ်တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ခူမီး (ခမီး) အမျိုးသားပါတီ [KHUMI (KHAMI) NATIONAL PARTY]** အား ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

**ခူမီး (ခမီး) အမျိုးသားပါတီ [KHUMI (KHAMI) NATIONAL PARTY]** ၏ မှတ်ပုံတင်အမှတ်မှာ **( ၇၆ )** ဖြစ်ပါသည်။

အမိန့်အရ

တင်ထွန်း
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြန်ကြားရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၉ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၅ ရက် )

အမှတ် ၃၂ ။ ။ ၁၉၉၈ ခုနှစ်၊ ရုပ်မြင်သံကြားနှင့်ဗီဒီယိုဥပဒေပုဒ်မ (၁၉) အရလည်းကောင်း၊ ၁၉၉၈ ခုနှစ်၊ ဗီဒီယိုလုပ်ငန်းဆိုင်ရာနည်းဥပဒေ (၂၃) နှင့် (၂၄) အရလည်းကောင်း ပြန်ကြားရေးဝန်ကြီးဌာနသည် ဗီဒီယိုလုပ်ငန်းများကို စိစစ်ကြီးကြပ်နိုင်ရန်အတွက် ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၁၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ (၂) နှစ်သက်တမ်းရှိသော တနင်္သာရီတိုင်း ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ပြန်လည်ဖွဲ့စည်းလိုက်သည် -

**တနင်္သာရီတိုင်းဒေသကြီးဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ**

(က) ဦးတင်သိန်း — ဥက္ကဋ္ဌ
တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး
တနင်္သာရီတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ခ) ဒုတိယရဲမှူးကြီးမျိုးမင်းအောင် — အဖွဲ့ဝင်
ဦးစီးအရာရှိ (ဦး/ရေး/ထောက်)
တနင်္သာရီတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး

(ဂ) ဦးအောင်မင်း — အဖွဲ့ဝင်
တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူး
ပြည်တွင်းအခွန်များဦးစီးဌာန

(ဃ) ဦးတင်စိုးလွင် — အဖွဲ့ဝင်
တိုင်းဒေသကြီးမန်နေဂျာ
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

(င) ဦးသိန်းတင် — အဖွဲ့ဝင်
တိုင်းဒေသကြီးဥပဒေအရာရှိ
တိုင်းဒေသကြီးဥပဒေရုံး

(စ) ဦးကျော်ထွန်း — အဖွဲ့ဝင်
ဥက္ကဋ္ဌ
တိုင်းဒေသကြီးဗီဒီယိုအခြေခံအဖွဲ့
မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

(ဆ) ဒေါ်နီနီချို — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
တိုင်းဒေသကြီးပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(ဇ) ဦးဇော်မျိုးသန့် — အတွင်းရေးမှူး
ဌာနခွဲမှူး (တာဝန်ခံ/လုပ်ငန်းစု)
မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန

ဦးအောင်ကြည်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြန်ကြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၃၅/၂၀၁၄)**

၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ ရက်

( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၃ ရက် )

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်ကြောင်းကြေညာခြင်း

ကွမ်းခြံကုန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁) မှ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဖြစ်သူ ဦးခင်မောင်စိုးသည် ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့တွင် ကွယ်လွန်အနိစ္စရောက်ပါသဖြင့် ၂၀၁၄ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်နည်းဥပဒေ ၇၁ (စ) အရ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲပြီးဖြစ်၍ ယင်းမဲဆန္ဒနယ်တွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်ကြောင်း ကြေညာအပ်ပါသည်။

စိန်တင်ဝင်း၊

ဥက္ကဋ္ဌ၊

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး**

**အမိန့်အမှတ် (၉/၂၀၁၄)**

မန္တလေးမြို့၊ ၁၃၇၆ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်

( ၂၀၁၄ ခုနှစ်၊ မေလ ၇ ရက် )

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာန၊ ပြည်ကြီးမင်္ဂလာကုန်တင်ယာဉ်ရပ်နားစခန်းမှ အုပ်ချုပ်ရေးမှူး ဦးကျော်မြင့် လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) သည် ၂၀၁၄ ခုနှစ်၊ မေလ ၁ ရက်နေ့တွင် အသက် (၆၀) နှစ်ပြည့်သည့် ၂၀၁၄ ခုနှစ်၊ မေလ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

**အမိန့်အမှတ် (၁၂/၂၀၁၄)**

မန္တလေးမြို့၊ ၁၃၇၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်

( ၂၀၁၄ ခုနှစ်၊ မေလ ၁၆ ရက် )

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတွင် ဖွဲ့စည်းပုံအရ လစ်လပ်လျက်ရှိသော ကော်မတီဝင်နေရာများတွင် အောက်ဖော်ပြပါ ပုဂ္ဂိုလ် (၃) ဦးတို့အား ခန့်ထားလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဦးဟန်စိုး<br>၁၂/လကန (နိုင်) ဝ၈၃၃၉၉ | ကျောင်းအုပ်ကြီး (ငြိမ်း)<br>မြန်မာနိုင်ငံဘဏ်သင်တန်းကျောင်း<br>(အထက်မြန်မာပြည်ကျောင်းခွဲ) | ကော်မတီဝင် |
| (ခ) | ဦးတင်ဝမ်း<br>၇/ပခန (နိုင်) ၁၅၇၈၉၈ | ညွှန်ကြားရေးမှူး (ငြိမ်း)<br>ဆည်မြောင်းဦးစီးဌာန | ကော်မတီဝင် |

(ဂ) ဒေါက်တာသွင်ကျော်ကျော် လက်ထောက်ညွှန်ကြားရေးမှူး (ငြိမ်း) ကော်မတီဝင်
ဗ/မနတ (နိုင်) ၀၇၀၃၅၆ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## အမိန့်အမှတ် (၁၇/၂၀၁၄)

မန္တလေးမြို့၊ ၁၃၇၆ ခုနှစ်၊ နယုန်လဆန်း ၇ ရက်
( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၄ ရက် )

မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ရှိ အောက်ဖော်ပြပါ ဒုတိယဦးစီးမှူး (၁၈) ဦးအား ဦးစီးအရာရှိ လစာနှုန်း (၁၄၀,၀၀ဝ-၂,၀၀ဝ-၁၅၀,၀၀ဝ) သို့ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည် -

(က) ဒေါ်နုနုငယ်
တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့
မန္တလေးတိုင်းဒေသကြီး

(ခ) ဒေါ်မေစုထွန်း
မြို့နယ်စည်ပင်သာယာရေးအဖွဲ့
မိတ္ထီလာမြို့နယ်

(ဂ) ဒေါ်လှဲ့လှဲ့ပို့
မြို့နယ်စည်ပင်သာယာရေးအဖွဲ့
သာစည်မြို့နယ်

(ဃ) ဒေါ်ဥမ္မာဝင်း
မြို့နယ်စည်ပင်သာယာရေးအဖွဲ့
မလှိုင်မြို့နယ်

(င) ဒေါ်နိုင်နိုင်မော်
မြို့နယ်စည်ပင်သာယာရေးအဖွဲ့
ရမည်းသင်းမြို့နယ်

(စ) ဦးကျော်မင်းမင်းထွန်း
မြို့နယ်စည်ပင်သာယာရေးအဖွဲ့
ညောင်ဦးမြို့နယ်
(ယခင် ငါ့သရောက်မြို့နယ်ခွဲ)

(ဆ) ဒေါ်နွယ်နွယ်စိန်
မြို့နယ်စည်ပင်သာယာရေးအဖွဲ့
မြင်းခြံမြို့နယ်

(ဇ) ဒေါ်လှိုင်
မြို့နယ်စည်ပင်သာယာရေးအဖွဲ့
ညောင်ဦးမြို့နယ်

(ဈ) ဒေါ်ခင်မေသိုက်
မြို့နယ်စည်ပင်သာယာရေးအဖွဲ့
ကျောက်ဆည်မြို့နယ်

(ည) ဒေါ်မြင့်မြင့်စိန်
မြို့နယ်စည်ပင်သာယာရေးအဖွဲ့
မတ္တရာမြို့နယ်

(ဋ) ဒေါ်မေသင်းခိုင်
မြို့နယ်စည်ပင်သာယာရေးအဖွဲ့
ရမည်းသင်းမြို့နယ်

(ဌ) ဦးစိုးနိုင်အေး
မြို့နယ်စည်ပင်သာယာရေးအဖွဲ့
ပျော်ဘွယ်မြို့နယ်

(ဍ) ဒေါ်ကြော့မွန်ကံ
မြို့နယ်စည်ပင်သာယာရေးအဖွဲ့
ကျောက်ပန်းတောင်းမြို့နယ်

(ဎ) ဦးမြင့်အောင်
မြို့နယ်စည်ပင်သာယာရေးအဖွဲ့
မြင်းခြံမြို့နယ်

(ဏ) ဦးထွန်းထွန်းလတ်
မြို့နယ်စည်ပင်သာယာရေးအဖွဲ့
မိုးကုတ်မြို့နယ်

(တ) ဒေါ်ညိုညိုဝင်း
မြို့နယ်စည်ပင်သာယာရေးအဖွဲ့
ပျော်ဘွယ်မြို့နယ်

(ထ) ဦးချမ်းငြိမ်း
မြို့နယ်စည်ပင်သာယာရေးအဖွဲ့
မိတ္ထီလာမြို့နယ်

(ဒ) ဦးမင်းသီဟအောင်
မြို့နယ်စည်ပင်သာယာရေးအဖွဲ့
တောင်သာမြို့နယ်

## အမိန့်အမှတ် (၁၈/၂၀၁၄)

မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ရှိ အောက်ဖော်ပြပါ အငယ်တန်းအင်ဂျင်နီယာ-၂ (၁၁) ဦးအား လက်ထောက်အင်ဂျင်နီယာ လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) သို့ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည် -

(က) ဒေါ်ကြည်ကြည်စိန်
မြို့နယ်စည်ပင်သာယာရေးအဖွဲ့
မိတ္ထီလာမြို့နယ်

(ခ) ဒေါ်စောယုယုကို
မြို့နယ်စည်ပင်သာယာရေးအဖွဲ့
ပုသိမ်ကြီးမြို့နယ်

(ဂ) ဒေါ်သီတာယဉ်
မြို့နယ်စည်ပင်သာယာရေးအဖွဲ့
ပြင်ဦးလွင်မြို့နယ်

(ဃ) ဦးရဲမြင့်ထွန်း
မြို့နယ်စည်ပင်သာယာရေးအဖွဲ့
တောင်သာမြို့နယ်

(င) ဦးဇော်မျိုးသက်
မြို့နယ်စည်ပင်သာယာရေးအဖွဲ့
မိုးကုတ်မြို့နယ်

(စ) ဒေါ်ခင်မာလာ
မြို့နယ်စည်ပင်သာယာရေးအဖွဲ့
မြင်းခြံမြို့နယ်

(ဆ) ဒေါ်တိုးတိုးလွင်
မြို့နယ်စည်ပင်သာယာရေးအဖွဲ့
မိတ္ထီလာမြို့နယ်

(ဇ) ဒေါ်တင်ယုကျော်
မြို့နယ်စည်ပင်သာယာရေးအဖွဲ့
မိုးကုတ်မြို့နယ်

(ဈ) ဦးအောင်ကိုဦး
မြို့နယ်စည်ပင်သာယာရေးအဖွဲ့
ရမည်းသင်းမြို့နယ်

(ည) ဦးထွန်းလှအောင်
မြို့နယ်စည်ပင်သာယာရေးအဖွဲ့
စဉ့်ကူးမြို့နယ်

(ဋ) ဒေါ်ကြည်ကြည်အေး
မြို့နယ်စည်ပင်သာယာရေးအဖွဲ့
မတ္တရာမြို့နယ်

ရဲမြင့်၊
ဝန်ကြီးချုပ်၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပဲခူးတိုင်းဒေသကြီးလွှတ်တော်

# ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးဥပဒေ

# ( ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၃။ )

၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်

( ၂၀၁၄ ခုနှစ်၊ မတ်လ ၂၅ ရက် )

## နိဒါန်း

၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် ပဲခူးတိုင်းဒေသကြီးအတွင်း စည်ပင်သာယာရေးအဖွဲ့များအတွက် ပဲခူးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးဥပဒေဟု ခေါ်တွင်စေရမည်။ ဤဥပဒေသည် ပဲခူးတိုင်းဒေသကြီး၌ အာဏာသက်ရောက်စေရမည်၊

(ခ) ဤဥပဒေကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ကြော်ငြာသည့် နေ့မှစ၍ ပဲခူးတိုင်းဒေသကြီး၌ အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **တိုင်းဒေသကြီး**ဆိုသည်မှာ ပဲခူးတိုင်းဒေသကြီးကို ဆိုလိုသည်၊

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုလိုသည်၊

(ဂ) **ဝန်ကြီးချုပ်**ဆိုသည်မှာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ကို ဆိုလိုသည်၊

(ဃ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာနကို ဆိုလိုသည်၊

(င) **ဝန်ကြီး**ဆိုသည်မှာ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန၊ ဝန်ကြီးကို ဆိုလိုသည်၊

(စ) **စည်ပင်သာယာရေးအဖွဲ့**ဆိုသည်မှာ စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ရန် နယ်နိမိတ်ပိုင်းခြားသတ်မှတ်၍ ဖွဲ့စည်းသော အဖွဲ့ကို ဆိုလိုသည်။ ယင်းစကားရပ်တွင် ဝန်ထမ်းအဖွဲ့ ပါဝင်သည်၊

(ဆ) **တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့**ဆိုသည်မှာ ညွှန်ကြားရေးမှူး ဦးဆောင်သည့် အရာထမ်း၊ အမှုထမ်းများ ပါဝင်သောအဖွဲ့ကို ဆိုလိုသည်၊

(ဇ) **ညွှန်ကြားရေးမှူး**ဆိုသည်မှာ ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ အကြီးအမှူးကို ဆိုလိုသည်၊

(ဈ) **ကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော စည်ပင်သာယာရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီကို ဆိုလိုသည်၊

(ည) **ဝန်ထမ်းအဖွဲ့**ဆိုသည်မှာ စည်ပင်သာယာရေးအဖွဲ့ ရုံးဝန်ထမ်းအဖွဲ့ကို ဆိုလိုသည်၊

(ဋ) **အမှုဆောင်အရာရှိ**ဆိုသည်မှာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရုံးဝန်ထမ်းအကြီးအကဲကို ဆိုလိုသည်၊

(ဎ) **စည်းကမ်းများ**ဆိုသည်မှာ ဤဥပဒေပါ လုပ်ငန်းများနှင့်စပ်လျဉ်း၍ စည်ပင်သာယာရေးဝန်ကြီးဌာနက ထုတ်ပြန်သော စည်းကမ်းများကို ဆိုလိုသည်၊

(ဏ) **အန္တရာယ်ရှိစေနိုင်သောလုပ်ငန်း**ဆိုသည်မှာ လုပ်ငန်းသဘာဝအရလည်းကောင်း၊ လုပ်ငန်းဆောင်ရွက်ပုံ၊ ဆောင်ရွက်နည်းများအရလည်းကောင်း လူ၏အသက် သို့မဟုတ် ကျန်းမာရေးကို အန္တရာယ်ဖြစ်စေနိုင်သော ပစ္စည်းများကို ထိခိုက်ပျက်စီးစေနိုင်သော သို့မဟုတ် အနှောင့်အယှက်ဖြစ်စေနိုင်သော လုပ်ငန်းကို ဆိုလိုသည်၊

(ပ) **အခွန်**ဆိုသည်မှာ ဤဥပဒေအရ စည်းကြပ်သည့် အခွန်ကို ဆိုလိုသည်။ ယင်းစကားရပ်တွင် အခွန်၊ အခ၊ အကောက်နှင့် ဒဏ်ကြေးတို့လည်း ပါဝင်သည်၊

(ဏ) **ဝန်ဆောင်ခွန်**ဆိုသည်မှာ လျှပ်စစ်မီးပေးဝေခြင်း၊ ရေပေးဝေခြင်းနှင့် ရေလိုင်းဆက်သွယ်ပေးခြင်း၊ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း စသည့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် စည်းကြပ်ကောက်ခံသောအခွန်များ ပါဝင်သည်၊

(တ) **အငှားယာဉ်**ဆိုသည်မှာ ခရီးသည်နှင့် ကုန်ပစ္စည်းသယ်ပို့ရန် အခကြေးငွေယူ၍ သယ်ယူပို့ဆောင်ခြင်း၊ ငှားရမ်းခြင်းပြုသည့် လူအင်အား သို့မဟုတ် တိရစ္ဆာန်အင်အားကို အသုံးပြုသော ဘီးတပ်ယာဉ်ကို ဆိုလိုသည်၊

(ထ) **အငှားယာဉ်မောင်း**ဆိုသည်မှာ အငှားယာဉ်ကို နင်းသူ၊ တွန်းသူ၊ ဆွဲသူ၊ မောင်းသူတို့ကို ဆိုလိုသည်၊

(ဒ) **ကူးတို့လုပ်ငန်း**ဆိုသည်မှာ မြစ်ချောင်း သို့မဟုတ် အင်းများတွင် ခရီးသည်၊ ကုန်ပစ္စည်း၊ တိရစ္ဆာန်၊ ယာဉ်များကို အခကြေးငွေယူ၍ လှေ၊ သမ္ဗန်၊ စက်တပ်ရေယာဉ် စသည်တို့ဖြင့် သယ်ယူပို့ဆောင်သည့် စည်ပင်သာယာရေးအဖွဲ့မှ အခါအားလျော်စွာ သတ်မှတ်ထားသော အများပြည်သူဆိုင်ရာ ကူးတို့လုပ်ငန်းကို ဆိုလိုသည်။ ယင်းစကားရပ်တွင် ကူးတို့၊ တံတား၊ ကူးတို့ဆိပ်ခံ၊ ကူးတို့ဆိပ်တို့လည်း ပါဝင်သည်၊

(ဓ) **မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်**ဆိုသည်မှာ ပြည်ထဲရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဖွဲ့စည်းထားသည့် မြို့နယ်နယ်နိမိတ်တစ်ခုလုံးကို ဆိုလိုသည်၊

(န) **မြို့စည်ပင်သာယာရေးနယ်နိမိတ်**ဆိုသည်မှာ မြို့ပြစည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ရန် အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဝန်ကြီးက သတ်မှတ်သော မြို့စည်ပင်သာယာရေးနယ်နိမိတ်ကို ဆိုလိုသည်၊

(ပ) **အခြားပုဂ္ဂလိကစီးပွားဖြစ်ဝန်ဆောင်မှုလုပ်ငန်း** ဆိုသည်မှာ ဤဥပဒေတွင် တိကျစွာသတ်မှတ်ဖော်ပြထားသော ပုဂ္ဂလိကစီးပွားဖြစ်ဝန်ဆောင်မှုလုပ်ငန်းများမှအပ ပုဂ္ဂလိက တစ်ဦးချင်းဖြစ်စေ၊ အစုအစပ် သို့မဟုတ် ဖက်စပ်ဖြစ်စေ၊ အသင်း သို့မဟုတ် ကုမ္ပဏီတည်ထောင်၍ဖြစ်စေ အကျိုးအမြတ်ရရှိစေရန် လုပ်ကိုင်ဆောင်ရွက်သော အခြားပုဂ္ဂလိကစီးပွားဖြစ် ဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ရပ်ကို ဆိုလိုသည်၊

(ဖ) **ဈေး**ဆိုသည်မှာ ကုန်စိမ်း၊ ကုန်ခြောက်၊ အသား၊ ငါး၊ ဟင်းသီးဟင်းရွက်၊ ပန်း၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ အထည်အလိပ်များ၊ အသုံးအဆောင်များ၊ လျှပ်စစ်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် ဆေးဝါးများ စသည်တို့အား အများပြည်သူတို့ ပုံမှန်အချိန်ကာလတစ်ခုတွင် ရောင်းချခြင်း၊ ဝယ်ယူခြင်းများ ဆောင်ရွက်နိုင်ရန်အတွက် သတ်မှတ်ထားသည့် နေရာဒေသ သို့မဟုတ် အဆောက်အအုံများ၊ ဆိုင်ခန်းများ တည်ရှိရာ နေရာအဝန်းကို ဆိုလိုသည်၊

(ဗ) **သားသတ်ရုံ**ဆိုသည်မှာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ အပ်နှံထားသည့် သို့တည်းမဟုတ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ပိုင်ဆိုင်သည့် သို့တည်းမဟုတ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က အုပ်ချုပ်သည့် မိမိတို့မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ကျွဲ၊ နွားသားသတ်ရုံ (အမဲသားသတ်ရုံ)၊ ဝက်သားသတ်ရုံ၊ ဆိတ်သားသတ်ရုံတို့ကို ဆိုလိုသည်၊

(ဘ) **လမ်း**ဆိုသည်မှာ အများပြည်သူတို့ ဖြတ်သန်းသွားလာခွင့် သို့တည်းမဟုတ် ချဉ်းကပ်ဝင်ရောက်ခွင့် ရှိသည့် အများသွားရာလမ်း ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ မည်သည့် လမ်းမကြီး၊ လမ်းကျယ်၊ လမ်းကျဉ်း၊ လမ်းသွယ်၊ လမ်းတိုမဆို ပါဝင်သည်။ ၎င်းအပြင် လမ်းတစ်ခုခု၏ အပေါ် မြေလွှာ၊ အောက်မြေလွှာ၊ လမ်းပခုံး၊ စကြံလမ်း၊ ရေစီးရေလာမြောင်းနှင့် အဆိုပါမြေနယ်နိမိတ်တွင် စွဲမြဲထားသည့် အရာဝတ္ထုတစ်ခုခုလည်း ပါဝင်သည်။ ကတ္တရာလမ်း၊ ကွန်ကရစ်လမ်း၊ ကျောက်ချော လမ်း၊ ဂဝံလမ်း၊ မြေသားလမ်း စသည်တို့ကို ဆိုလိုသည်၊

(မ) အဆောက်အအုံတစ်ခုခုကို ဆောက်လုပ်ခြင်း သို့တည်းမဟုတ် ပြင်ဆင်ဆောက်လုပ်ခြင်းဆိုသည့် စကားရပ်တွင် ၎င်းတို့နှင့်အလားတူ အသုံးအနှုန်းများနှင့်တကွ အောက်ပါတို့ ပါဝင်ပါသည် -

(၁) အဆောက်အအုံအသစ်တစ်ခုခု စတင်ဆောက်လုပ်ခြင်း၊

(၂) မူလအဆောက်အအုံ၏ အစိတ်အပိုင်း တစ်စိတ်တစ်ဒေသအား ပြင်ဆင်ခြင်း၊ တိုးချဲ့ခြင်း၊ ဖြည့်စွက်ခြင်း၊ မွမ်းမံပြောင်းလဲဆောက်လုပ်ခြင်း၊

(၃) မူလက လူနေထိုင်ရန်မဟုတ်သည့် အဆောက်အအုံတစ်ခုခုကို လူနေထိုင်ရာနေရာ ဖြစ်စေရန် အသွင်ပြောင်းလဲခြင်း။

## အခန်း (၂)
## ကော်မတီဖွဲ့စည်းခြင်း

၃။ (က) ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်နိုင်ရန် မြို့နယ်စည်ပင်သာယာရေးကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (၁) | မြို့မိမြို့ဖများမှ ရွေးချယ်ထားသောပုဂ္ဂိုလ် | ဥက္ကဋ္ဌ |
| (၂) | လူမှုရေး သို့မဟုတ် စီးပွားရေးအဖွဲ့အစည်းကိုယ်စားလှယ် (၁) ဦး | အဖွဲ့ဝင် |
| (၃) | သက်ဆိုင်ရာလုပ်ငန်းအလိုက် ကျွမ်းကျင်ပညာရှင် ပညာအခြေပြုအဖွဲ့အစည်းများမှ ကိုယ်စားလှယ် (၁) ဦး | အဖွဲ့ဝင် |
| (၄) | မြို့မိမြို့ဖများမှ ကိုယ်စားလှယ် (၁) ဦး | အဖွဲ့ဝင် |
| (၅) | ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ဒုတိယဦးစီးမှူး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | အမှုဆောင်အရာရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ | အတွင်းရေးမှူး |

(ခ) ကော်မတီသည် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်၊ တရားစွဲဆိုခံနိုင်ခွင့် ရှိစေရမည်။သို့ရာတွင် တရားမကြောင်းအရ ကော်မတီအား တရားစွဲဆိုခြင်း မပြုမီ အနည်းဆုံး တစ်လကြိုတင်၍ ကော်မတီသို့ နို့တစ်စာပေးပို့ပြီး ဖြစ်စေရမည်။

(ဂ) ကော်မတီ၏သက်တမ်းသည် ပုံမှန်အားဖြင့် (၃) နှစ် ဖြစ်သည်။ ကော်မတီ၏သက်တမ်း ပြင်ဆင်ခြင်း၊ ကော်မတီဝင်များ၏အရည်အချင်း သတ်မှတ်ခြင်း၊ ကော်မတီဝင်အဖြစ်မှ ရပ်စဲခြင်း၊ လစ်လပ်ကော်မတီဝင်နေရာတွင် အစားထိုးရွေးချယ်ခန့်ထားခြင်းတို့ကို အစိုးရ အဖွဲ့၏ သဘောတူညီချက်ဖြင့် ဝန်ကြီးမှ ဆောင်ရွက်ရမည်။

(ဃ) (၁) ကော်မတီ၏ဥက္ကဋ္ဌသည် ကော်မတီသက်တမ်း နှစ်ကြိမ်အထိသာ တစ်ဆက်တည်း ရွေးချယ်ခံနိုင်ခွင့်ရှိစေရမည်၊

(၂) ဝန်ကြီးသည် ကော်မတီသက်တမ်းမပြည့်မီ ၆ လကြိုတင်၍ ကော်မတီအသစ် ပြန်လည်ရွေးချယ်ရန် စီမံဆောင်ရွက်ရမည်။

(င) စည်ပင်သာယာရေးကော်မတီ၏ အဖွဲ့ဝင်တစ်ဦးဦးသည် အောက်ပါကိစ္စရပ်တစ်ခုခု ပေါ်ပေါက်လာပါက ကော်မတီတာဝန်မှ ရပ်စဲခံရမည် -

(၁) ပေးအပ်သည့် တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျေပွန်စွာမဆောင်ရွက်နိုင်ခြင်း၊

(၂) ပေးအပ်သည့် တာဝန်နှင့်လုပ်ပိုင်ခွင့်တစ်ရပ်ရပ်ကို အသုံးပြုပြီး မိမိအကျိုးစီးပွားအတွက် အလွဲသုံးစားပြုခြင်း၊ မလျော်ကန်သောအပြုအမူများ ဆောင်ရွက်ခြင်း၊

(၃) တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ကျူးလွန်ဖောက်ဖျက်ခြင်း၊

(၄) ကိစ္စရပ်တစ်ခုကို အကြောင်းပြုပြီး သက်ဆိုင်ရာမြို့နယ်တွင် နေထိုင်ခြင်းမပြုဘဲ လပတ် ပုံမှန်အစည်းအဝေး (၃) ကြိမ် တစ်ဆက်တည်းပျက်ကွက်ခြင်း၊ မိမိ၏နေရပ်မှ အပြီးတိုင်ထွက်ခွာခြင်း၊

(၅) ကျန်းမာရေးအခြေအနေအရ မိမိ၏တာဝန်ဝတ္တရားများကို မထမ်းဆောင်နိုင်ခြင်း၊

(၆) မိမိဆန္ဒအလျောက် နုတ်ထွက်ခြင်း၊

(၇) ကွယ်လွန်ခြင်း။

၄။ ဝန်ကြီးသည် ကော်မတီကို ဖွဲ့စည်းခြင်းမပြုနိုင်သည့်အခါတွင်ဖြစ်စေ ဖွဲ့စည်းထားသည့် ကော်မတီသည် ယင်း၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်နိုင်စွမ်းမရှိသည့်အခါတွင်ဖြစ်စေ ကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်စေရန် အမှုဆောင်အရာရှိကို တာဝန်ပေးအပ်နိုင်သည်။

## အခန်း (၃)
## ကော်မတီ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၅။ ကော်မတီသည် ဝန်ကြီး၏ခွင့်ပြုချက်ဖြင့် အောက်ပါတာဝန်များကို ဆောင်ရွက်နိုင်သည် -

(က) မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တင်ပြလာသော စည်းကမ်း (မူကြမ်း) များ၊ အမိန့်ကြော်ငြာစာ (မူကြမ်း) များအား စိစစ်၍ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့မှတစ်ဆင့် ဝန်ကြီးဌာနသို့ တင်ပြရန် အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ထောက်ခံခြင်း၊

(ခ) အခွန်၊ အခ၊ အကောက်နှုန်းထားများအား ခေတ်နှင့်လျော်ညီသောနှုန်းထားများ ပြင်ဆင်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှဖြစ်စေ၊ ပြည်သူလူထုမှဖြစ်စေ နှုန်းထားသတ်မှတ်ခြင်းများ၊ ပြင်ဆင်သတ်မှတ်ခြင်းများအား တင်ပြလာပါက စိစစ်၍ အစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊

(ဂ) စည်ပင်သာယာရေးလုပ်ငန်းများ အခက်အခဲမရှိ အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် တစ်လလျှင် အနည်းဆုံး တစ်ကြိမ် အစည်းအဝေးကျင်းပပြုလုပ်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များအား ကြီးကြပ်ခြင်း၊ လမ်းညွှန်ခြင်း၊

(ဃ) စည်ပင်သာယာရေးလုပ်ငန်းများ မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူလူထုမှ မိမိအသိစိတ်ဓာတ်၊ မိမိ၏ လွတ်လပ်သောသဘောဆန္ဒဖြင့် ပူးပေါင်းပါဝင်လာစေရေးအတွက် ကြီးကြပ်ဆောင်ရွက်ခြင်း၊

(င) စည်ပင်သာယာရေးလုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ခေတ်မီတိုးတက်သည့်နည်းလမ်းများ၊ စနစ်များ ချမှတ်ဆောင်ရွက်ခြင်း၊ ဆောင်ရွက်စေခြင်း၊ စက်ယန္တရားများ အသုံးပြုဆောင်ရွက်ခြင်း၊ ဆောင်ရွက်စေခြင်း၊

(စ) စည်ပင်သာယာရေးအဖွဲ့ပိုင် သားသတ်ရုံမြေနေရာ၊ အမှိုက်စွန့်ပစ်ရန်မြေနေရာများ သတ်မှတ်နိုင်ရေး အတွက် ကြီးကြပ်ခြင်း၊ ညွှန်ကြားခြင်း၊

(ဆ) မိလ္လာစွန့်ပစ်ရန်မြေနေရာများ သတ်မှတ်နိုင်ရေး ဆောင်ရွက်ရန် ညွှန်ကြားခြင်း။

၆။ ကော်မတီသည် သုသာန်များကို ဖျက်သိမ်းခြင်း၊ ရွှေ့ပြောင်းခြင်း၊ အသုံးပြုခြင်းမှ ရပ်ဆိုင်းစေခြင်း၊ ဖျက်သိမ်းမည့်သုသာန်မြေကို အခြားနည်းအသုံးပြုခြင်း၊ အခြားနည်းအသုံးပြုစေခြင်း၊ သုသာန်မြေအသစ် သတ်မှတ်ခြင်းတို့နှင့်စပ်လျဉ်း၍ အစိုးရအဖွဲ့၏ အတည်ပြုချက်ကို ရယူဆောင်ရွက်ရမည်။

၇။ ကော်မတီသည် ဝန်ကြီး၏ခွင့်ပြုချက်ဖြင့် အောက်ပါလုပ်ပိုင်ခွင့်များကို ကျင့်သုံးနိုင်သည် -

(က) စည်ပင်သာယာရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကူညီ ပံ့ပိုးရန်အတွက် လုပ်ငန်းလိုအပ်ချက်များအရ လုပ်ငန်းသဘာဝအလိုက် အဖွဲ့ငယ်များ ဖွဲ့စည်း သတ်မှတ်၊ တာဝန်ပေးအပ်ဆောင်ရွက်နိုင်ခြင်း၊

(ခ) စည်ပင်သာယာရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စည်ပင် သာယာရေးအဖွဲ့များကို ခေတ်မီတိုးတက်သည့် နည်းစနစ်များ၊ နည်းလမ်းများ လမ်းညွှန်ဆောင်ရွက် ပေးခြင်း၊

(ဂ) ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်း သို့မဟုတ် ပြည်တွင်း၊ ပြည်ပပုဂ္ဂိုလ်များနှင့် ဆက်သွယ်၍ စည်ပင် သာယာရေး အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်စေခြင်း၊

(ဃ) လုပ်ငန်းလိုအပ်ချက်အရ စည်ပင်သာယာရေးအဖွဲ့များကို သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်း များနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခြင်း၊

(င) အစိုးရအဖွဲ့က အခါအားလျော်စွာပေးအပ်သည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခြင်း၊

(စ) မြို့သန့်ရှင်းသာယာလှပရေးအား အနှောင့်အယှက်ဖြစ်စေသော လမ်းဘေးဈေးသည်များ၊ ကျူးကျော် ဆိုင်ခန်းများ၊ ကျူးကျော်အိမ်များ ဖျက်သိမ်းဖယ်ရှားရာတွင် ကြီးကြပ်ခြင်း၊ လမ်းညွှန်ခြင်း၊

(ဆ) စည်ပင်သာယာရေးအဖွဲ့များဥပဒေ ပြဋ္ဌာန်းချက်များ၊ တားမြစ်ချက်များအား အများပြည်သူမှ လေးစားလိုက်နာစေရေးအတွက် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက် နိုင်ရန် သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးအဖွဲ့အား ကြီးကြပ်ခြင်း၊ လမ်းညွှန်ခြင်း၊

(ဇ) ပြည်သူလူထုမှ တင်ပြတောင်းခံလာသော လမ်း၊ တံတား၊ ရေပေးရေးလုပ်ငန်းများအား ထောက်ခံ တင်ပြပေးခြင်း သို့မဟုတ် ပြည်သူနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်စေခြင်း၊

(ဈ) မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝင်ငွေတိုးတက်ရရှိစေရေးအတွက် လုပ်ငန်းလိုင်စင်သစ်များ တိုးချဲ့ ဆောင်ရွက်ရန် လိုအပ်ပါက စိစစ်ထောက်ခံခြင်း၊

(ည) မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းများအောင်မြင်ရေးနှင့် ထိရောက်စွာဆောင်ရွက် နိုင်ရေးအတွက် ကြီးကြပ်ကွပ်ကဲခြင်း။

## အခန်း (၄)
## စည်ပင်သာယာရေးအဖွဲ့များ ဖွဲ့စည်းခြင်း

၈။ အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီးအတွင်း စည်ပင်သာယာရေးအဖွဲ့ များကို အောက်ပါအတိုင်း ဖွဲ့စည်းနိုင်သည် -

(က) ပဲခူးတိုင်းဒေသကြီးအတွင်း စည်ပင်သာယာရေးလုပ်ငန်းများအား ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ကြီးကြပ်ကွပ်ကဲ အကောင်အထည်ဖော် ဆောင်ရွက်ရန် ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ကို ဖွဲ့စည်းခြင်း၊ ပြောင်းလဲခြင်း ပြုနိုင်သည်၊

(ခ) မြို့နယ်တစ်ခုကိုဖြစ်စေ၊ မြို့တစ်မြို့ကိုဖြစ်စေ နယ်နိမိတ်ချင်းဆက်စပ်လျက်ရှိသော မြို့နယ်များ သို့မဟုတ် မြို့များကို စုစည်း၍ဖြစ်စေ စည်ပင်သာယာရေးအဖွဲ့ကို ဖွဲ့စည်းခြင်း၊ ပြောင်းလဲခြင်း သို့မဟုတ် ဖျက်သိမ်းခြင်း ပြုနိုင်သည်၊

(ဂ) ပုဒ်မခွဲ (ခ) အရ ဖွဲ့စည်းရာတွင် မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ မြို့များ သို့မဟုတ် မြို့နှင့်တစ်ဆက်တစ်စပ်တည်းရှိသော ကျေးရွာများ သို့မဟုတ် မြို့အသွင်ဖွံ့ဖြိုးတိုးတက်နေသော ကျေးရွာများ၌ မြို့ပြစည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ရန် မြို့နယ်စည်ပင်သာယာရေး နယ်နိမိတ်ကို ပြင်ဆင်တိုးချဲ့သတ်မှတ်နိုင်သည်။

## အခန်း (၅)
## စည်ပင်သာယာရေးအဖွဲ့၏ တာဝန်များနှင့်လုပ်ပိုင်ခွင့်များ

### စည်ပင်သာယာရေးအဖွဲ့၏တာဝန်များ

၉။ စည်ပင်သာယာရေးအဖွဲ့သည် ကော်မတီ၏ကြီးကြပ်မှုဖြင့် အောက်ပါတာဝန်များကို တည်ဆဲဥပဒေများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရမည် -

(က) မြို့ပြနှင့်ကျေးလက်ဒေသဆိုင်ရာစီမံကိန်းများ ရေးဆွဲဆောင်ရွက်ခြင်း၊

(ခ) ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ သန့်ရှင်းသောသောက်သုံးရေရရှိရေး ဆောင်ရွက်ခြင်း၊

(ဂ) သန့်ရှင်းရေးနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အမှိုက်သိမ်းဆည်းခြင်းနှင့် အမှိုက်များ စနစ်တကျစွန့်ပစ်စေရေး ကြီးကြပ်ဆောင်ရွက်ခြင်း၊ အမှိုက်များစွန့်ပစ်ရန် မြေနေရာ သတ်မှတ်ခြင်း၊

(ဃ) မိလ္လာလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် မိလ္လာစွန့်ပစ်ရန်နေရာများကို စနစ်တကျသတ်မှတ် ဆောင်ရွက်ခြင်း၊

(င) လမ်းဘေးဝဲ/ယာ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် ဆောင်ရွက်ခြင်း၊

(စ) လမ်းမီးပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဆ) စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများ တည်ထောင်ခြင်း၊ ကြီးကြပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊

(ဇ) ပုဂ္ဂလိကပိုင်ဈေးများ တည်ထောင်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊

(ဈ) ကျွဲ၊ နွားပွဲဈေးများ တည်ထောင်ခြင်း၊ ကြီးကြပ်ခြင်း၊

(ည) လမ်းဘေးဈေးဆိုင်များ ကြီးကြပ်ခြင်း၊

(ဋ) မုန့်ဖိုများ၊ စားသောက်ဆိုင်များ ကြီးကြပ်ခြင်း၊

(ဌ) အန္တရာယ်ရှိစေနိုင်သောလုပ်ငန်းများ ကြီးကြပ်ခြင်း၊

(ဍ) မီးဘေး၊ ရေဘေး၊ လေဘေး၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အထောက်အကူပြု လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဎ) သားသတ်ရုံများ တည်ထောင်ခြင်း၊ စားသုံးရန် ခြေလေးချောင်းတိရစ္ဆာန်များ သတ်ဖြတ်ခွင့်ပြုခြင်း၊ အသားအမျိုးအစားအလိုက် အမဲ (ကျွဲ၊ နွား) သားသတ်ရုံ၊ ဝက်သားသတ်ရုံ၊ ဆိတ်သားသတ်ရုံ စသည်ဖြင့် သားသတ်ရုံမြေနေရာ ရွေးချယ်သတ်မှတ်ခြင်း၊

(ဏ) ကူးတို့လုပ်ငန်းများ စီမံခန့်ခွဲခြင်း၊

(တ) အပေါင်ဆိုင်လုပ်ငန်းများ ကြီးကြပ်ခြင်း၊

(ထ) အနှေးယာဉ်များ စီမံခန့်ခွဲခြင်း၊

(ဒ) လမ်း၊ တံတားများ တည်ဆောက်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊

(ဓ) လမ်းအသုံးချမှု သတ်မှတ်ခြင်း၊ လမ်းအမည် သတ်မှတ်ခြင်း၊ အဆောက်အအုံအမှတ် သတ်မှတ်ခြင်း၊

(န) စည်ပင်သာယာရေးအဖွဲ့ပိုင်အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊

(ပ) မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ပုဂ္ဂလိကပိုင်အဆောက်အအုံများ ဆောက်လုပ်ခွင့်ပြုခြင်း၊ အဆောက်အအုံများ ပြင်ဆင်ခွင့်ပြုခြင်း၊ ဆောက်လုပ်ပြီး သို့တည်းမဟုတ် ပြင်ဆင်ပြီး အဆောက်အအုံတွင် လူနေထိုင်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊

(ဖ) ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် မြို့စည်ပင်သာယာရေးနယ်နိမိတ်ပြင်ပရှိ ကျေးလက်ဒေသတို့တွင် နယ်နိမိတ်ပိုင်းခြား သတ်မှတ်ကြေညာ၍ ယင်းနယ်နိမိတ်အတွင်း ပုဂ္ဂလိကပိုင်အဆောက်အအုံများ ဆောက်လုပ်ခွင့်ပြုခြင်း၊ ပြင်ဆင်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊ ဆောက်လုပ်ပြီး သို့တည်းမဟုတ် ပြင်ဆင်ပြီး အဆောက်အအုံတွင် လူနေထိုင်ခွင့်ပြုခြင်း၊

(ဗ) ကျူးကျော်အိမ်များ၊ ကျူးကျော်အဆောက်အအုံများ၊ ကျူးကျော်ဆိုင်ခန်းများ၊ အိမ်ဥပစာရှေ့ ကျူးကျော်ခြင်းများ၊ ကျူးကျော်ရပ်ကွက်များ ဖျက်သိမ်းခြင်း၊

(ဘ) တည်းခိုခန်းများ၊ အခန်းလိုက်ငှားရမ်းသော အဆောက်အအုံများ ဖွင့်လှစ်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်းနှင့် စည်ပင်သာယာရေးဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာနှင့် တည်းခိုခန်းများ စစ်ဆေးခြင်း၊

(မ) မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း တိရစ္ဆာန်များ ထားရှိခြင်း၊ မွေးမြူခြင်းကို ကြီးကြပ်ခြင်း၊ တိရစ္ဆာန်အသေကောင်များကို သုတ်သင်ရှင်းလင်းစေခြင်း၊

(ယ) လေလွင့်သွားလာနေသော ရူးသွပ်သူ၊ ကုဋ္ဌနူနာရောဂါစွဲကပ်သူနှင့် တောင်းရမ်းစားသူများကို ဖမ်းဆီး၍ သက်ဆိုင်ရာသို့ အပ်နှံခြင်း၊

(ရ) လေလွင့်သွားလာနေသော တိရစ္ဆာန်များကို ဖမ်းဆီးထိန်းသိမ်းစီမံခန့်ခွဲခြင်း၊

(လ) ပန်းဥယျာဉ်၊ ပန်းခြံ၊ ကစားကွင်း၊ ရေကူးကန်၊ ရေချိုးဆိပ်၊ အပန်းဖြေနေရာများ တည်ထောင်ခြင်းကို ခွင့်ပြုခြင်း၊ စီမံခန့်ခွဲခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊

(ဝ) သုသာန်များ ကြီးကြပ်ခြင်းနှင့် သင်္ဂြိုဟ်စက်များ တည်ထောင်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊

(သ) အများပြည်သူအကျိုးပြု အခြားစည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ ဆောင်ရွက်စေခြင်း၊

(ဟ) အစိုးရအဖွဲ့ (သို့မဟုတ်) ဝန်ကြီး (သို့မဟုတ်) ကော်မတီက အခါအားလျော်စွာ သတ်မှတ်ပေးသည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

**စည်ပင်သာယာရေးအဖွဲ့၏လုပ်ပိုင်ခွင့်များ**

၁၀။ စည်ပင်သာယာရေးအဖွဲ့သည် ကော်မတီ၏ကြီးကြပ်မှုဖြင့် အောက်ပါလုပ်ပိုင်ခွင့်များကို ဆောင်ရွက်နိုင်သည် -

(က) စည်ပင်သာယာရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်သော စည်းကမ်း (မူကြမ်း) များ၊ အမိန့်ကြော်ငြာစာ (မူကြမ်း) များ ရေးဆွဲ၍ အများပြည်သူသိရှိရန် ကြေညာခြင်း၊ ကန့်ကွက်လွှာခေါ်ယူခြင်း၊ ကန့်ကွက်မည့်သူမရှိပါက ကော်မတီသို့ တင်ပြပြီး၊ ကော်မတီအစည်းအဝေး ဆုံးဖြတ်ချက်အထောက်အထားဖြင့် တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့မှတစ်ဆင့် ဝန်ကြီးဌာနသို့ တင်ပြအတည်ပြုချက် ရယူဆောင်ရွက်ခြင်း၊

(ခ) တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စည်ပင်သာယာရေးလုပ်ငန်းများနှင့် သက်ဆိုင်သော အခွန်၊ အခ၊ အကောက်နှုန်းထားများ သတ်မှတ်ခြင်း၊ ခေတ်ကာလနှင့်လျော်ညီစွာ ပြင်ဆင်သတ်မှတ်ခြင်းများအား အများပြည်သူသိရှိရန် ကြေညာ၍ ကန့်ကွက်မည့်သူမရှိပါက

ကော်မတီသို့ တင်ပြပြီး၊ ကော်မတီအစည်းအဝေးဆုံးဖြတ်ချက်ဖြင့် တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့မှတစ်ဆင့် ဝန်ကြီးဌာနသို့ တင်ပြအတည်ပြုချက် ရယူဆောင်ရွက်ခြင်း၊

(ဂ) ပြည်ထောင်စုအစိုးရထံမှဖြစ်စေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ထံမှဖြစ်စေ၊ ဥပဒေနှင့်အညီ တည်ထောင်ဖွင့်လှစ်ထားသောဘဏ်များမှဖြစ်စေ၊ စည်ပင်သာယာရေးဘဏ်လီမိတက်မှဖြစ်စေ၊ မိမိဌာနမှ အစုရှယ်ယာထည့်ဝင်ထားသော ဘဏ်လီမိတက်မှဖြစ်စေ တည်ဆဲဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ မိမိတာဝန်ဖြင့် ငွေချေးယူခြင်း၊ အထောက်အပံ့ရယူခြင်း၊

(ဃ) ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်း သို့မဟုတ် ပြည်တွင်း၊ ပြည်ပပုဂ္ဂိုလ်တို့နှင့်ဆက်သွယ်၍ စည်ပင်သာယာရေး အထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(င) နိုင်ငံတော်ကာကွယ်ရေးနှင့်သက်ဆိုင်သည့် သို့မဟုတ် လျှို့ဝှက်အဆင့်သတ်မှတ်ထားသည့် အဆောက်အအုံများမှအပ နိုင်ငံပိုင်အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းတို့နှင့်စပ်လျဉ်း၍ ဤဥပဒေနှင့်အညီ စစ်ဆေးခြင်း၊ စစ်ဆေးတွေ့ရှိချက်အား အထက်ဌာနသို့ တင်ပြခြင်း၊

(စ) အဖွဲ့ပိုင်အဆောက်အအုံနှင့်မြေများကို ထိန်းသိမ်းခြင်း၊ ငှားရမ်းခြင်း၊ ကြီးကြပ်ခြင်း၊ စည်းကမ်းဖောက်ဖျက်သော ငှားရမ်းသူများအား ဖယ်ရှားခြင်း၊ ဥပဒေနှင့်အညီ တရားစွဲဆိုခြင်း၊

(ဆ) စည်ပင်သာယာရေးအဖွဲ့သည် အဆောက်အအုံများ ဆောက်လုပ်ပြီးစီးပါက လူနေထိုင်ရန်သင့်လျော်မှု ရှိ/မရှိ စိစစ်၍ ပြုပြင်ဆောင်ရွက်ရန် အားနည်းချက်များ တွေ့ရှိပါက ပြုပြင်ဆောင်ရွက်စေရန် ညွှန်ကြားပြီး၊ လူနေထိုင်ရန် သင့်လျော်မှုရှိပါက ၎င်းအဆောက်အအုံတွင် လူနေထိုင်ခွင့်အား အမှုဆောင်အရာရှိမှ အဆောက်အအုံပိုင်ရှင်ထံသို့ ခွင့်ပြုမိန့်ထုတ်ပေးခြင်း၊

(ဇ) စည်ပင်သာယာရေးအဖွဲ့သည် အသားအမျိုးအစားအလိုက် အမဲ (ကျွဲ၊ နွား) သားသတ်ရုံ၊ ဝက်သားသတ်ရုံ၊ ဆိတ်သားသတ်ရုံများအတွက် အဖွဲ့ပိုင်သားသတ်ရုံမြေနေရာ သတ်မှတ်ဆောင်ရွက်ရေးသက်ဆိုင်ရာနယ်မြေအုပ်ချုပ်ရေးမှူးများနှင့် ညှိနှိုင်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဈ) နေ့စဉ်အမှိုက်သိမ်းခြင်းလုပ်ငန်းများမှ ထွက်ရှိလာသော အမှိုက်ပမာဏများပြားသည်နှင့်အမျှ အမှိုက်စွန့်ပစ်ရန် လုံလောက်သော အကျယ်အဝန်းရှိသည့် အမှိုက်စွန့်ပစ်ရန်နေရာ သတ်မှတ်ဆောင်ရွက်ရေးသက်ဆိုင်ရာ နယ်မြေအုပ်ချုပ်ရေးမှူးများနှင့် ညှိနှိုင်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ည) မိလ္လာစွန့်ပစ်ရန်နေရာကိုလည်း အဖွဲ့အမည်ပေါက် တရားဝင်အထောက်အထား ခိုင်မာစွာသတ်မှတ်ရရှိရေး၊ လုံလောက်သောမြေနေရာရရှိရေး သက်ဆိုင်ရာနယ်မြေအုပ်ချုပ်ရေးမှူးများနှင့် ညှိနှိုင်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဋ) အဆောက်အအုံတစ်ခုခုသည် ဟောင်းနွမ်းပျက်စီး၍ လူနေထိုင်ရန် မသင့်လျော်သည့် အန္တရာယ်ရှိစေနိုင်သည်ဟု ထင်မြင်ယူဆပါက သို့တည်းမဟုတ် တစ်ဦးတစ်ယောက်က တင်ပြလာပါက အဖွဲ့မှစစ်ဆေးပြီး အထောက်အထားခိုင်လုံပါက အန္တရာယ်ရှိစေသော အဆောက်အအုံအဖြစ် သတ်မှတ်ကြေညာ၍ အဆောက်အအုံတွင် နေထိုင်သူများအား ရွှေ့ပြောင်းစေခြင်း၊ ထိုအဆောက်အအုံဖျက်သိမ်းစေခြင်း၊ ဖျက်သိမ်းခြင်း။

## အခန်း (၆)

## အခွန်စည်းကြပ်ကောက်ခံခြင်း

၁၁။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ဝန်ကြီး၏ခွင့်ပြုချက်ဖြင့် မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်တွင်ဖြစ်စေ၊ မြို့နယ်ခွဲစည်ပင်သာယာရေးနယ်နိမိတ်တွင်ဖြစ်စေ၊ မြို့စည်ပင်သာယာရေးနယ်နိမိတ်တွင်ဖြစ်စေ အောက်ပါအခွန်များကို စည်းကြပ်ကောက်ခံနိုင်သည် -

(က) အဆောက်အအုံနှင့် မြေခွန်၊

(ခ) ရေခွန်၊ လမ်းမီးခွန်၊ အမှိုက်နှင့်အညစ်အကြေးခွန်၊ အများသုံးအိမ်သာခွန်၊

(ဂ) ယာဉ်များ၊ လူစီးနှင့်ဝန်တင်တိရစ္ဆာန်များ၊ အိမ်မွေးခွေးများနှင့် အခြားတိရစ္ဆာန်များအပေါ် ကောက်ခံသည့်အခွန်၊

(ဃ) ပြင်ပမှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ဝင်ရောက်ရပ်နားသောယာဉ်များ၊ လူစီးနှင့် ဝန်တင်တိရစ္ဆာန်များ၊ မြို့နယ်ကျော်ဖြတ်သန်းသွားသော လူစီးနှင့် ဝန်တင်တိရစ္ဆာန်များအပေါ် ကောက်ခံသည့်အခွန်၊

(င) ဤဥပဒေက ခွင့်ပြုသည့် စည်ပင်သာယာရေးဆိုင်ရာအခြားအခွန်များ။

၁၂။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ဝန်ကြီး၏ခွင့်ပြုချက်ဖြင့် အောက်ပါလုပ်ငန်းများအပေါ် အခြေခံ၍ အခွန်စည်းကြပ်ခြင်း၊ ကောက်ခံခြင်းပြုရမည် -

(က) အဆောက်အအုံနှင့်မြေခွန်ကို စည်းကြပ်ရာတွင် တစ်နှစ်ငှားရမ်းခတန်ဖိုး၏ ၁၀ ရာခိုင်နှုန်းထက် မပိုစေဘဲ စည်းကြပ်ရန်၊

(ခ) ဝန်ဆောင်ခွန်များစည်းကြပ်ရာတွင် ဝင်ငွေနှင့်အသုံးစရိတ် မျှတစေရန်၊

(ဂ) စည်ပင်သာယာရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်စေရန်၊

(ဃ) အဆောက်အအုံနှင့်မြေခွန်ကို ပိုင်ရှင်ထံမှ စည်းကြပ်ကောက်ခံရန်နှင့် ဝန်ဆောင်ခွန်ကို လက်ရှိ နေထိုင်သူထံမှ စည်းကြပ်ကောက်ခံရန်၊

(င) ပြည်ထောင်စုအစိုးရကဖြစ်စေ၊ တိုင်းဒေသကြီးအစိုးရကဖြစ်စေ စီမံခန့်ခွဲသော ပုဂ္ဂလိကပိုင် အဆောက်အအုံနှင့်မြေခွန်ကို စည်းကြပ်ရာတွင် ယင်းအဆောက်အအုံမှ တစ်နှစ်ငှားရမ်းခတန်ဖိုး၏ ၅ ရာခိုင်နှုန်းထက်မပိုစေဘဲ စည်းကြပ်ရန်။

၁၃။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ဝန်ကြီး၏ခွင့်ပြုချက်ဖြင့် အဆောက်အအုံနှင့်မြေခွန်၊ ဝန်ဆောင်ခွန်များ စည်းကြပ်ကောက်ခံရန် အဆောက်အအုံ၏ တစ်နှစ်ငှားရမ်းခတန်ဖိုးကို အခါအားလျော်စွာ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း ပြုနိုင်သည်။

၁၄။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ဝန်ကြီး၏ခွင့်ပြုချက်ဖြင့် စည်ပင်သာယာရေးဆိုင်ရာလုပ်ငန်း လိုင်စင်ခများ၊ အဖွဲ့ပိုင်ဈေးများမှ ဈေးဆိုင်ခန်းခ၊ ဈေးကောက်များနှင့် ပုဂ္ဂလိကပိုင်ဈေးများတည်ထောင်ခွင့် လိုင်စင်ခတို့ကို အခါအားလျော်စွာ သတ်မှတ်ကောက်ခံခြင်း၊ ပြင်ဆင်ကောက်ခံခြင်း ပြုနိုင်သည်။

၁၅။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ဝန်ကြီး၏ခွင့်ပြုချက်ဖြင့် အခွန်တစ်ရပ်ရပ်ကို ဖျက်သိမ်းခြင်း၊ အခွန်ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်း၊ လျှော်ပစ်ခြင်းတို့နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက် နိုင်သည် -

(က) စည်းကြပ်သော အခွန်တစ်ရပ်ရပ်ကို ဖျက်သိမ်းခြင်း သို့မဟုတ် နှုန်းထားပြင်ဆင်ခြင်း သို့မဟုတ် ကောက်ခံခြင်းကို ခေတ္တရပ် ဆိုင်းငံ့ထားခြင်း၊

(ခ) ခိုင်လုံသောအကြောင်းရှိပါက အခွန်ထမ်းတစ်ဦးဦး ပေးဆောင်ရန်ရှိသော အခွန်ကို ကင်းလွတ်ခွင့် ပြုခြင်း သို့မဟုတ် လျှော်ပစ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊ ပေးဆောင်ပြီးသောအခွန်ကို ပြန်လည် ထုတ်ပေးခြင်း။

၁၆။ အမှုဆောင်အရာရှိသည် အခွန်ကြွေးကျန်ဖြစ်ပေါ်ပါက ဝန်ကြီး၏ခွင့်ပြုချက်ဖြင့် အခွန်ကြွေးကျန် ပေးဆောင်ရန် တာဝန်ရှိသူအား သက်ဆိုင်ရာတရားရုံးတွင် တရားစွဲဆိုတောင်းခံနိုင်သည်။ သို့တည်းမဟုတ် အမှုဆောင်အရာရှိမှ ၎င်း၏ကိုယ်စား တာဝန်ပေးအပ်ခြင်းခံရသူ အရာထမ်း (သို့မဟုတ်) အမှုထမ်းမှ တရားစွဲဆိုတောင်းခံနိုင်သည်။

## အခန်း (၇)
## စည်ပင်သာယာရေးလုပ်ငန်းများစီမံခန့်ခွဲခြင်း

၁၇။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ကော်မတီ၏ကြီးကြပ်မှုဖြင့် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ အဆောက်အအုံ၊ မြေတို့နှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များကို သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်စေရန် အဆောက်အအုံပိုင်ရှင်နှင့် ညှိနှိုင်းဆောင်ရွက်ခြင်း ပြုနိုင်သည် -

(က) ခွင့်ပြုချက်မရှိဘဲဖြစ်စေ၊ ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိဘဲဖြစ်စေ အဆောက်အအုံ ဆောက်လုပ်သည်ကို သို့မဟုတ် ပြင်ဆင်ဆောက်လုပ်သည်ကို ရပ်ဆိုင်းထားစေခြင်း၊ ပြန်လည်ပြုပြင်စေခြင်း သို့မဟုတ် ဖြိုဖျက်စေခြင်း၊

(ခ) အများပြည်သူနှင့်သက်ဆိုင်သော လမ်း၊ လမ်းနယ်နိမိတ်၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက် လူသွားစင်္ကြံ၊ တံတား စသည်များပေါ်တွင် အဆောက်အအုံဖြစ်စေ၊ အဆောက်အအုံ၏ အစိတ်အပိုင်းဖြစ်စေ ခြံစည်းရိုးကိုဖြစ်စေ၊ ဆောက်လုပ်ဆဲအဆောက်အအုံ ခြံစည်းရိုးကိုဖြစ်စေ ကျူးကျော်ဆောက်လုပ်သည်ကို ဖယ်ရှားစေခြင်း၊ ဖျက်သိမ်းစေခြင်း၊

(ဂ) အများပြည်သူနှင့်သက်ဆိုင်သော လမ်း၊ တံတားတည်ဆောက်ခြင်း၊ ပြင်ဆင်မွမ်းမံခြင်းပြုရာတွင် မလွတ်ကင်းသောအဆောက်အအုံ သို့မဟုတ် အဆောက်အအုံ၏အစိတ်အပိုင်း ခြံစည်းရိုး၊ လမ်းဘေးဈေးဆိုင်၊ မလွတ်ကင်းသောသစ်ပင်ကို ဖယ်ရှားစေခြင်း၊

(ဃ) ပြိုပျက်မည့်အခြေအနေကြောင့် အန္တရာယ်ရှိစေနိုင်သည့် သို့မဟုတ် လူနေထိုင်ရန် မသင့်လျော်သည့် မြို့အင်္ဂါရပ်နှင့်မညီညွတ်သည့် (သို့မဟုတ်) မီးဘေးအန္တရာယ်စိုးရိမ်ရသည့် အဆောက်အအုံကိုဖြစ်စေ၊ အဆောက်အအုံ၏အစိတ်အပိုင်းကိုဖြစ်စေ၊ ပြုပြင်စေခြင်း၊ ဖြိုဖျက်စေခြင်း၊ (သို့မဟုတ်) ဖြိုဖျက်ခြင်း၊ ဖယ်ရှားခြင်း (သို့မဟုတ်) နေထိုင်သူများကို ဖယ်ရှားစေခြင်း၊

(င) အဆောက်အအုံ၊ ဝင်းခြံတို့ကို ဆေး သို့မဟုတ် ထုံးသုတ်စေခြင်း၊

(စ) ဝင်းခြံမခတ်သည့်မြေကို ဝင်းခြံခတ်စေခြင်း၊ မပြုပြင်သည့်ဝင်းခြံကို ပြုပြင်စေခြင်း၊

(ဆ) အန္တရာယ်ရှိစေနိုင်သည့် သို့မဟုတ် သန့်ရှင်းသပ်ရပ်မှုမရှိသည့် (သို့မဟုတ်) မြို့ရွာသန့်ရှင်းသာယာလှပရေးကိုထိခိုက်သည့် ခြံဝန်းအတွင်း၊အပြင်၊ အိမ်ဥပစာရှိ သစ်ပင်၊ ချုံပင်များကို ခုတ်ထွင်ရှင်းလင်းစေခြင်း၊ ချိုင့်ဝှမ်းကိုမြေဖို့စေခြင်း၊ အဆောက်အအုံဝန်းကျင် ရေစီးရေလာကောင်းမွန်စေရန် စီမံဆောင်ရွက်စေခြင်း။

၁၈။ ပုဒ်မ ၁၇ ပုဒ်မခွဲ (င)၊ (စ) နှင့် (ဆ) တို့အရ လိုက်နာဆောင်ရွက်ရန် လက်ရှိနေထိုင်သူအား ညွှန်ကြားလျှင် လက်ရှိနေထိုင်သူသည် ညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်။ လက်ရှိနေထိုင်သူသည် အိမ်ငှားဖြစ်လျှင် ထိုကုန်ကျစရိတ်ကို အိမ်ရှင်ထံမှတောင်းခံခွင့် သို့မဟုတ် ငှားရမ်းခမှ ခုနှိမ်ခွင့်ရှိသည်။

၁၉။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ကော်မတီ၏ကြီးကြပ်မှုဖြင့် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ရေတွင်း၊ရေကန်၊ ရေမြောင်း၊ မိလ္လာအညစ်အကြေးတို့နှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များကို သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်စေရန် ပိုင်ရှင် သို့မဟုတ် မြေပိုင်ရှင် သို့မဟုတ် လက်ရှိနေထိုင်သူအား ညွှန်ကြားနိုင်သည် -

(က) အန္တရာယ်ရှိစေနိုင်သော ရေတွင်း၊ ရေကန်၊ ရေအိုင်များကို ကာရံစေခြင်း၊ ပြုပြင်စေခြင်း၊

(ခ) ကျန်းမာရေးနှင့်မညီညွတ်သော ရေတွင်း၊ ရေကန်၊ ရေလှောင်ကန်၊ ရေစည်၊ ရေအိုင် စသည်တို့ကို ဆေးကြောသုတ်သင်စေခြင်း၊ ပြုပြင်စေခြင်း၊ ရေဖြည့်စေခြင်း၊ ဖုံးအုပ်စေခြင်း၊

(ဂ) စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံနှင့် မြေပေါ်မှ စီးဆင်းသည့်ရေကြောင့် အများပြည်သူနှင့် သက်ဆိုင်သောလမ်းအားလည်းကောင်း၊ တစ်စုံတစ်ဦး၏ အိမ်ခြံမြေအတွင်းသို့လည်းကောင်း၊ အများပြည်သူနှင့်သက်ဆိုင်သည့် ပစ္စည်းတစ်စုံတစ်ရာအား လည်းကောင်း (ဥပမာ-သောက်ရေအိုးစင်၊ အများပြည်သူနားနေရန် ခုံတန်းလျား စသည်) ထိခိုက်ပျက်စီးခြင်းမရှိစေရန်နှင့် ရေစီးရေလာကောင်းမွန်စေရန် ရေတံလျှောက်၊ ရေဆင်းပိုက်၊ အုတ်ရေမြောင်း စသည်တို့ကို ပြုလုပ်စေခြင်း သို့မဟုတ် ပြုပြင်စေခြင်း၊

(ဃ) စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံ၊ နေအိမ်အခန်းတွဲများတို့မှ ရေဆိုးများအား ပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ်စေရန်နှင့် ကျန်းမာရေးထိခိုက်မှုမရှိစေရန် စနစ်တကျသန့်စင်ပြီး စွန့်ပစ်စေခြင်း၊ ရေစီးရေလာကောင်းမွန်ရန် မြေကို ပြုပြင်စေခြင်း၊

(င) စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံ၊ နေအိမ်အခန်းတွဲများနှင့် မြေတို့တွင် ရေဆွဲအိမ်သာ၊ ရေလောင်းအိမ်သာ၊ မိလ္လာပိုက်၊ မိလ္လာကန် စသည်တို့ကို စီမံထားရှိစေခြင်း၊ အနံ့အသက်မရှိအောင် ဆောင်ရွက်စေခြင်း၊ မိလ္လာများစွန့်ပစ်ရန် လိုအပ်ပါက မြို့နယ်စည်ပင်သာယာရေးအဖွဲ့များတွင် ရေပုပ်စုပ်ယာဉ်ငှားရမ်း၍ စနစ်တကျစွန့်ပစ်စေခြင်း၊

(စ) ခွင့်ပြုချက်မရှိဘဲဖြစ်စေ၊ ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိဘဲဖြစ်စေ ပြုလုပ်ထားသည့် ပတ်ဝန်းကျင်အား အနှောင့်အယှက်ဖြစ်စေနိုင်သည့် ရေဆွဲအိမ်သာ၊ ရေလောင်းအိမ်သာ၊ မိလ္လာပိုက်၊ မိလ္လာကန်စသည်တို့ကို ပိတ်ထားစေခြင်း သို့မဟုတ် ဖျက်သိမ်းစေခြင်း သို့မဟုတ် ပြောင်းလဲပြင်ဆင်စေခြင်း (သို့မဟုတ်) မိမိအိမ်ခြံအတွင်း၌သာ တည်ဆောက်ထားရှိစေခြင်း၊

(ဆ) မိလ္လာပိုက် သို့မဟုတ် ရေပိုက်ကို အခြားသူတစ်ဦး ပိုင်ဆိုင်သည့်မြေကို ဖြတ်၍ ဆောင်ရွက်ရလျှင် မြေပိုင်ရှင်၏သဘောတူခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခွင့်ပြုစေခြင်း၊

(ဇ) မိလ္လာပိုက် (သို့မဟုတ်) ရေပိုက်ကို အခြားသူတစ်ဦး၏မြေကို ဖြတ်၍ ဆောင်ရွက်ခြင်းကြောင့် မြေပိုင်ရှင်တွင် နစ်နာမှုရှိလျှင် ထိုနစ်နာမှုအတွက် စည်ပင်သာယာရေးအဖွဲ့က သတ်မှတ်သည့် သင့်လျော်သောလျော်ကြေးငွေကို မိလ္လာပိုက်၊ ရေပိုက်ဆက်သွယ်သူက နစ်နာသူအား ပေးစေခြင်း။

၂၀။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ကော်မတီ၏ကြီးကြပ်မှုဖြင့် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်းများနှင့်အညီလိုက်နာဆောင်ရွက်စေရန်၊ အဆောက်အအုံပိုင်ရှင် သို့မဟုတ် မြေပိုင်ရှင် သို့မဟုတ် လက်ရှိနေထိုင်သူအားညွှန်ကြားနိုင်သည် -

(က) အမှိုက်များနှင့် အနံ့ဆိုးထွက်နေသောအရာဝတ္ထုများကို စွန့်ပစ်ခြင်းမပြုမီ စုဆောင်း၍ထည့်ထားရန် သင့်လျော်သော အမှိုက်ပုံး၊ အမှိုက်အိတ်များ စီမံထားရှိစေခြင်း၊ အဖွဲ့မှသတ်မှတ်ထားသည့်နည်းလမ်းအတိုင်း စနစ်တကျစွန့်ပစ်စေခြင်း၊ စီးပွားရေးလုပ်ငန်းမှ ထွက်ရှိသည့်အမှိုက်များအား သီးခြားအစီအစဉ်ဖြင့် စွန့်ပစ်ရန် လိုအပ်သလို ညွှန်ကြားစေခြင်း၊

(ခ) ကျန်းမာရေးနှင့် မညီညွတ်ကြောင်း တွေ့ရှိရသည့် အများပြည်သူနှင့်သက်ဆိုင်သော ရေပေးရေးလုပ်ငန်း၊ ကိုယ်ပိုင်ရေပေးရေးလုပ်ငန်းတို့ကို အသုံးပြုခြင်းမှ ပိတ်ထားစေခြင်း၊

(ဂ) တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံကို ကျန်းမာသန့်ရှင်းရေးနှင့် ညီညွတ်စေရန် ဆောင်ရွက်စေခြင်း၊

(ဃ) အများပြည်သူပျော်ပွဲရွှင်ပွဲအတွက် အသုံးပြုသည့် အဆောက်အအုံ ပွဲခင်းမြေနေရာတို့ကို ကျန်းမာသန့်ရှင်းရေးတို့နှင့် ညီညွတ်စေရန်လည်းကောင်း၊ မီးဘေးအန္တရာယ်ကာကွယ်ရန်လည်းကောင်း၊ လုံခြုံရေးရှိစေရန်လည်းကောင်း ဆောင်ရွက်စေခြင်း၊ ကျင်းပပြီးစီးပါက ပတ်ဝန်းကျင်သန့်ရှင်းရေးအား အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်စေခြင်း၊

(င) အန္တရာယ်ရှိစေနိုင်သောလုပ်ငန်းများ၊ စားသောက်ဖွယ်ရာများ ပြုပြင်ထုတ်လုပ်သောလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်ရာတွင် ပတ်ဝန်းကျင်အတွက် အန္တရာယ်ရှိလာလျှင် သို့မဟုတ် အနှောင့်အယှက်ဖြစ်လာလျှင် လုပ်ငန်းနေရာကို အသုံးမပြုဘဲနေစေခြင်း သို့မဟုတ် ပြင်ဆင်ဆောင်ရွက်စေခြင်း။

၂၁။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် အသုံးပြုရန် မသင့်လျော်သည့် သုသာန်မြေနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များကို သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်စေရန် ပိုင်ရှင် သို့မဟုတ် သက်ဆိုင်သည့် အဖွဲ့အစည်းအား ညွှန်ကြားနိုင်သည် -

(က) သုသာန်မြေကို ဆက်လက်အသုံးပြုခွင့်မပြုဘဲ ပိတ်ထားစေခြင်း၊ ရပ်ဆိုင်းစေခြင်း၊

(ခ) သုသာန်မြေကို ရွှေ့ပြောင်းစေခြင်း၊ ဖျက်သိမ်းစေခြင်း၊

(ဂ) ဖျက်သိမ်းရှင်းလင်းပြီး သုသာန်မြေအား အခြားနည်းအသုံးပြုစေခြင်း၊

(ဃ) သုသာန်မြေကို အသစ်သတ်မှတ်ခြင်း။

## အခန်း (၈)
## အနှေးယာဉ်များ စီမံခန့်ခွဲခြင်း

၂၂။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ကော်မတီ၏ကြီးကြပ်မှုဖြင့် အနှေးယာဉ်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) အနှေးယာဉ်အမျိုးအစားအလိုက် စည်းကမ်းများ ရေးဆွဲ၍ ဝန်ကြီးထံတင်ပြခြင်း၊

(ခ) အနှေးယာဉ်လိုင်စင်ခ သတ်မှတ်ခြင်း၊ စည်းကြပ်ကောက်ခံခြင်း၊

(ဂ) အနှေးယာဉ်မောင်းလိုင်စင်ခ သတ်မှတ်ခြင်း၊ စည်းကြပ်ကောက်ခံခြင်း၊

(ဃ) အနှေးယာဉ်တည်ထောင်ခွင့်လိုင်စင် ထုတ်ပေးခြင်း၊ ရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်း၊

(င) အနှေးယာဉ်မောင်းလိုင်စင် ထုတ်ပေးခြင်း၊ ရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်း၊

(စ) အနှေးယာဉ်များအား စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊

(ဆ) အနှေးယာဉ်မောင်းသူများအား စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း။

၂၃။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ထုတ်ပေးသော လိုင်စင်ရရှိသူသာ အနှေးယာဉ်တည်ထောင်ခွင့်ရှိသည်။

၂၄။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ထုတ်ပေးသော လိုင်စင်ရရှိသူသာ အနှေးယာဉ်မောင်းခွင့် ရှိသည်။

၂၅။ အနှေးယာဉ်ပိုင်ရှင်နှင့် အနှေးယာဉ်မောင်းသူတို့သည် သတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

## အခန်း (၉)
## ကူးတို့လုပ်ငန်းများ စီမံခန့်ခွဲခြင်း

၂၆။ ကော်မတီဥက္ကဋ္ဌသည် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကူးတို့လုပ်ငန်းများ ကြီးကြပ်သူအဖြစ် ယင်းလုပ်ငန်းများနှင့်စပ်လျဉ်းသည့် စည်းကမ်းများနှင့်အညီ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) ကူးတို့လုပ်ငန်း တည်ထောင်ခွင့်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊

(ခ) ကူးတို့နယ်နိမိတ် သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း၊

(ဂ) ကူးတို့လုပ်ငန်းကို ကြီးကြပ်ခြင်း၊

(ဃ) ကူးတို့လုပ်ငန်း လမ်းကြောင်းသတ်မှတ်ခြင်း၊

(င) ခိုင်လုံသောအကြောင်းရှိလျှင် ကူးတို့လုပ်ငန်းလိုင်စင်ကို ဖျက်သိမ်းခြင်း၊

(စ) စည်းကမ်းဖောက်ဖျက်ခြင်းကြောင့်မဟုတ်ဘဲ ဖျက်သိမ်းခံရသည့် ကူးတို့လုပ်ငန်းလိုင်စင်အတွက် လျော်ကြေးပေးရန် ဆုံးဖြတ်ခြင်း၊ လျော်ကြေးငွေသတ်မှတ်ခြင်း၊

(ဆ) ကူးတို့လုပ်ငန်းသယ်ယူပို့ဆောင်ခ သတ်မှတ်ခြင်း၊

(ဇ) တာဝန်ဖြင့် ခရီးသွားလာသော ဌာနဆိုင်ရာဝန်ထမ်းများ၊ ယာဉ်များ၊ တိရစ္ဆာန်များနှင့် ကုန်ပစ္စည်းများအတွက် ကူးတို့လုပ်ငန်းသယ်ယူပို့ဆောင်ခ ကင်းလွတ်ခွင့်ပြုခြင်း၊

(ဈ) ခိုင်လုံသောအကြောင်းရှိလျှင် ကူးတို့လုပ်ငန်းလိုင်စင်ခကို လျှော့ပေါ့ပေးခြင်း၊ ကင်းလွတ်ခွင့်ပေးခြင်း။

၂၇။ ညွှန်ကြားရေးမှူးသည် ပုဒ်မ ၂၆၊ ပုဒ်မခွဲ (က) မှ (ဈ) ထိ လုပ်ငန်းများအား ဆောင်ရွက်နိုင်သည့်အပြင် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်နိုင်သည် -

(က) ကူးတို့လုပ်ငန်းနယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိသည့် စည်ပင်သာယာရေးအဖွဲ့သို့ ကူးတို့လုပ်ငန်းဝင်ငွေများကို အချိုးကျခွဲဝေသတ်မှတ်ပေးခြင်း၊

(ခ) ကူးတို့လုပ်ငန်းအုပ်ချုပ်သူအဖြစ် သင့်လျော်သော အမှုဆောင်အရာရှိအား ခန့်ထားခြင်း။

၂၈။ အမှုဆောင်အရာရှိသည် ကူးတို့လုပ်ငန်းအုပ်ချုပ်သူအဖြစ် တာဝန်ယူဆောင်ရွက်ရမည်။ ကူးတို့လုပ်ငန်းအုပ်ချုပ်သူသည် ကူးတို့လုပ်ငန်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ကူးတို့လုပ်ငန်းကို အုပ်ချုပ်ခြင်း၊

(ခ) ကူးတို့လုပ်ငန်းလိုင်စင်များကို သတ်မှတ်သည့်နည်းလမ်းဖြင့် ရောင်းချခြင်း၊

(ဂ) ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူကို အများပြည်သူ သက်သာဘေးကင်းလုံခြုံစွာ သွားလာနိုင်ရေးအတွက် အစီအစဉ်များ ပြုလုပ်စေခြင်း၊

(ဃ) စည်းကမ်းဖောက်ဖျက်သဖြင့် ဖျက်သိမ်းသည့် ကူးတို့လုပ်ငန်းလိုင်စင်များကို ပြန်လည်ရောင်းချခြင်း။

၂၉။ ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူသာ ကူးတို့နယ်နိမိတ်တစ်ခုအတွင်း ကူးတို့လုပ်ငန်းကို လုပ်ကိုင်ခွင့်ရှိသည်။

၃၀။ ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူသည် ကူးတို့ရေယာဉ်နှင့်စပ်လျဉ်း၍လည်းကောင်း၊ ယင်းနှင့်သက်ဆိုင်သည့် ပစ္စည်းကိရိယာများနှင့်စပ်လျဉ်း၍လည်းကောင်း ကူးတို့လုပ်ငန်းအုပ်ချုပ်သူက ပြင်ဆင်ထိန်းသိမ်းရန် ညွှန်ကြားသည်ကို လိုက်နာဆောင်ရွက်ရမည်။

၃၁။ ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူသည် အသုံးပြုရန် မသင့်လျော်သော ကူးတို့ရေယာဉ်နှင့်စပ်လျဉ်း၍လည်းကောင်း၊ ယင်းနှင့်သက်ဆိုင်သည့် ပစ္စည်းကိရိယာများနှင့်စပ်လျဉ်း၍လည်းကောင်း ကူးတို့လုပ်ငန်းအုပ်ချုပ်သူက ဆက်လက်အသုံးမပြုရန် ညွှန်ကြားသည်ကို လိုက်နာဆောင်ရွက်ရမည်။

၃၂။ တိုင်းဒေသကြီး/ပြည်နယ်တစ်ခုနှင့်တစ်ခုအကြား ကူးတို့လုပ်ငန်းတည်ရှိရာဒေသနှင့်စပ်လျဉ်း၍ အငြင်းပွားခြင်း သို့မဟုတ် ကူးတို့လုပ်ငန်းဝင်ငွေများ အချိုးကျခွဲဝေပေးခြင်းများအတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်ဆက်စပ်နေသော တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တို့ ညှိနှိုင်းဆုံးဖြတ်ရမည်။ ထိုအငြင်းပွားမှုကို ညှိနှိုင်းဆောင်ရွက်ရာတွင် ပြေလည်မှုမရရှိပါက ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြအဆုံးအဖြတ်ခံယူရမည်။

၃၃။ ပုဒ်မ ၂၈ သို့မဟုတ် ပုဒ်မ ၃၀ သို့မဟုတ် ပုဒ်မ ၃၁ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ကူးတို့လုပ်ငန်းအုပ်ချုပ်သူက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ကြီးကြပ်သူထံ အယူခံဝင်နိုင်သည်။

၃၄။ (က) ပုဒ်မ ၂၆ သို့မဟုတ် ပုဒ်မ ၂၇၊ ပုဒ်မ ၃၃ အရ ကြီးကြပ်သူ ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးထံ အယူခံဝင်နိုင်သည်၊

(ခ) ဝန်ကြီး၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၁၀)
## တိရစ္ဆာန်များသတ်ဖြတ်မှုကို စီမံခန့်ခွဲခြင်း

၃၅။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ကျွဲ၊ နွား၊ မြင်း၊ သိုး၊ ဆိတ်၊ ဝက်တို့ကို အများပြည်သူ စားသုံးရန် အလို့ငှာ စည်ပင်သာယာရေးအဖွဲ့ပိုင် သားသတ်ရုံများတွင် စည်းကမ်းများနှင့်အညီ သတ်ဖြတ်ခြင်းနှင့် သတ်မှတ်ထားသည့်နေရာတွင် စည်းကမ်းများနှင့်အညီ အသားရောင်းချခြင်းကို ခွင့်ပြုနိုင်သည်။

၃၆။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးသည် မည်သည့်ဒေသတွင်မဆို အစ္စလမ်ဘာသာဝင်တို့၏ ဘက္ကရီအစ်ပွဲအတွက် ကျွဲ၊ နွားသတ်ဖြတ်ခွင့်အမိန့်ကို ပြည်ထဲရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ခွင့်ပြုနိုင်သည်။

၃၇။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူး သည် ကျွဲ၊ နွား တိရစ္ဆာန်များ သတ်ဖြတ်ခွင့်ပြုရာတွင် လယ်ယာလုပ်ငန်းသုံး ကျွဲ၊ နွား တိရစ္ဆာန်များ ပြုန်းတီးမှု မရှိစေရန် ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ရမည်။

၃၈။ ဝန်ကြီးသည် သာရေး၊ နာရေး ဓလေ့ထုံးတမ်း အစဉ်အလာကိစ္စရပ်များနှင့် ပုဒ်မ ၃၅ ပါ တိရစ္ဆာန် သတ်ဖြတ်ခြင်း၊ အသားရောင်းချခြင်းတို့နှင့်စပ်လျဉ်း၍ လိုအပ်သော စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၃၉။ ပုဒ်မ ၃၅ သို့မဟုတ် ပုဒ်မ ၃၆ အရ ခွင့်ပြုချက်ရရှိသူသာလျှင် -

(က) ကျွဲ၊နွားကို သတ်ဖြတ်ခြင်း၊ အသားရောင်းချခြင်း၊ အသားနှင့်သားရေကို လက်ဝယ်ထားခြင်း ပြုနိုင်သည်၊

(ခ) မြင်း၊ သိုး၊ ဆိတ်၊ ဝက်တို့ကို သတ်ဖြတ်ခြင်း၊ အသားရောင်းချခြင်း၊ အသားနှင့်သားရေကို လက်ဝယ်ထားခြင်း ပြုနိုင်သည်။

## အခန်း (၁၁)
## ကြီးကြပ်ခြင်း

၄၀။ ဝန်ကြီးသည် စည်ပင်သာယာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူး သို့မဟုတ် မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ဆုံးဖြတ်ချက် သို့မဟုတ် ဆောင်ရွက်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ဆိုင်းငံ့ခြင်း၊ ပယ်ဖျက်ခြင်းပြုနိုင်သည်။

၄၁။ ညွှန်ကြားရေးမှူးသည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်နှင့်စပ်လျဉ်း၍ လိုအပ်သလိုစိစစ်ပြီး ဝန်ကြီးထံသို့ တင်ပြဆောင်ရွက်ရမည်။

၄၂။ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့သည် ဝန်ကြီးမှတစ်ဆင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြေအဆောက်အအုံများနှင့်စပ်လျဉ်း၍ စီမံခန့်ခွဲခြင်း၊ ထုတ်နုတ်ခြင်း၊ စာရင်းမှပယ်ဖျက်ခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

၄၃။ ဝန်ကြီးသည် ဝန်ထမ်းများ ပြည့်တွင်း၊ ပြည်ပသင်တန်းတက်ရောက်ခြင်း၊ အဆင့်တိုးမြှင့်ခြင်း၊ ဝန်ထမ်းခန့်ထားခြင်း၊ အရေးယူအပြစ်ပေးခြင်း၊ ပြောင်းရွှေ့ခြင်း စသည့် ဝန်ထမ်းရေးရာကိစ္စရပ်များအား ဝန်ထမ်းစည်းမျဉ်းစည်းကမ်းနှင့်အညီ စိစစ်ပြီး အစိုးရအဖွဲ့၏သဘောထားမှတ်ချက်ဖြင့် အတည်ပြုချက်ရယူဆောင်ရွက်ရမည်။

၄၄။ ညွှန်ကြားရေးမှူးသည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ နှစ်စဉ်အရ၊ အသုံးခန့်မှန်းခြေငွေစာရင်းနှင့်စပ်လျဉ်း၍ လိုအပ်သလိုစိစစ်ပြီး ဝန်ကြီးထံမှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ရမည်။

၄၅။ ညွှန်ကြားရေးမှူးသည် မြို့ပြနှင့်ကျေးရွာများဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်ပင်သာယာရေးလုပ်ငန်းများကို ကြီးကြပ်ရမည်။

၄၆။ ညွှန်ကြားရေးမှူးသည် စည်ပင်သာယာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(က) စည်ပင်သာယာရေးအဖွဲ့များက ရေးဆွဲတင်ပြလာသော နှစ်စဉ် အရအသုံးခန့်မှန်းခြေငွေစာရင်း၊ နှစ်တို၊ နှစ်ရှည်စီမံကိန်းများကို စိစစ်၍ ဝန်ကြီးထံသို့ တင်ပြပြီး အစိုးရအဖွဲ့၏ အတည်ပြုချက်ရယူခြင်း၊

(ခ) အရအသုံးခန့်မှန်းခြေငွေစာရင်းကြီးကြပ်မှုကို ဆောင်ရွက်ရန်နှင့် လုပ်ငန်းဆောင်ရွက်ရာ၌ ပိုမိုချောမွေ့အဆင်ပြေစေရန် ဝန်ကြီးက ခွဲဝေပေးသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခြင်း၊

(ဂ) စည်ပင်သာယာရေးလုပ်ငန်းများကို ဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်းများ၊ ညွှန်ကြားချက်များနှင့် ညီညွတ်စေရေးအတွက် ညှိနှိုင်းပေးခြင်း၊

(ဃ) စည်ပင်သာယာရေးအဖွဲ့နှင့်သက်ဆိုင်သော လုပ်ငန်းများ၊ အဆောက်အအုံများ ၊အမှုတွဲများ၊ စာရွက်စာတမ်းများ၊ အထောက်အထားများ၊ စာရင်းအင်းများကို စစ်ဆေးခြင်း၊ စစ်ဆေးစေခြင်းနှင့် စစ်ဆေးတွေ့ရှိချက်ကို ဝန်ကြီးထံ တင်ပြခြင်း၊

(င) မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ဥပဒေနှင့်မညီညွတ်သော ဆုံးဖြတ်ချက် သို့မဟုတ် ဆောင်ရွက်ချက်ကို စစ်ဆေးတွေ့ရှိလျှင် ရပ်ဆိုင်းထားစေပြီး တွေ့ရှိချက်ကို ဝန်ကြီးထံ တင်ပြခြင်း။

## အခန်း (၁၂)
## အယူခံဝင်ခြင်း

၄၇။ ပုဒ်မ ၁၃၊ ပုဒ်မ ၁၇ ပုဒ်မခွဲ (ဂ)၊ (င)၊ (စ)၊ ပုဒ်မ ၁၉ ပုဒ်မခွဲ (ဂ)၊ (ဃ)၊ (ဆ)၊ (ဇ)၊ ပုဒ်မ ၂၀ ပုဒ်မခွဲ (ခ)၊ (င)၊ ပုဒ်မ ၂၁ ပုဒ်မခွဲ (က) တို့အရ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ချမှတ်သည့် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ညွှန်ကြားရေးမှူးထံ အယူခံဝင်နိုင်သည်။

၄၈။ ပုဒ်မ ၄၇ အရ ညွှန်ကြားရေးမှူးက ချမှတ်သည့် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးထံ အယူခံဝင်နိုင်သည်။

၄၉။ အယူခံမှုနှင့်စပ်လျဉ်း၍ -

(က) အယူခံကာလအတွင်း သက်ဆိုင်သူအား တရားစွဲဆိုခြင်းမပြုရ၊

(ခ) ဝန်ကြီး၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၁၃)
## ဘဏ္ဍာရေး

၅၀။ ကော်မတီသည် -

(က) အမှုဆောင်အရာရှိက တင်ပြလာသော နှစ်စဉ် အရ၊ အသုံးခန့်မှန်းခြေငွေစာရင်းကို စိစစ်၍ ညွှန်ကြားရေးမှူးမှတစ်ဆင့် ဝန်ကြီးထံ တင်ပြရမည်၊

(ခ) နှစ်စဉ်ဘဏ္ဍာရေးနှင့် စာရင်းစစ်ဆေးရေးလုပ်ငန်းများ၏အခြေအနေကို ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီး ရက်ပေါင်း ၉၀ အတွင်း ညွှန်ကြားရေးမှူးမှတစ်ဆင့် ဝန်ကြီးထံ တင်ပြရမည်။

၅၁။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ရရှိသောနိုင်ငံခြားငွေကို အစိုးရအဖွဲ့၏ဘဏ္ဍာငွေအရအသုံး စာရင်း ဖွင့်လှစ်ထားရှိ၍ တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းနှင့်အညီ အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် သုံးစွဲ နိုင်သည်။

၅၂။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် အစိုးရအဖွဲ့၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့်အညီ ဝန်ကြီး၏ခွင့်ပြုချက်ဖြင့် ကောက်ခံခြင်း၊ သုံးစွဲခြင်းပြုရမည်။

၅၃။ ဝန်ကြီးသည် စည်ပင်သာယာရေးအဖွဲ့၏ အရအသုံးခန့်မှန်းခြေငွေစာရင်းကို အတည်ပြုရမည်။

## အခန်း (၁၄)
## ဝန်ထမ်းဖွဲ့စည်းပုံ

၅၄။ ဝန်ကြီးသည် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် စည်ပင်သာယာရေးအဖွဲ့တစ်ဖွဲ့စီ၏ လုပ်ငန်း တာဝန်များနှင့် ဝင်ငွေပမာဏကို အခြေခံလျက် သတ်မှတ်ချက်နှင့်အညီ လိုအပ်သောဝန်ထမ်းဖွဲ့စည်းပုံကို ရေးဆွဲအတည်ပြုထားရှိရမည်။ ဝန်ထမ်းဖွဲ့စည်းပုံကို ရေးဆွဲရာတွင် လိုအပ်ပါက စည်းကမ်းထိန်းသိမ်းရေး ဝန်ထမ်းများကို ထည့်သွင်းဖွဲ့စည်းနိုင်သည်။

၅၅။ ဝန်ကြီးသည် ဝန်ထမ်းများခန့်ထားရာတွင် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် တည်ဆဲစည်းမျဉ်းများ၊ စည်းကမ်းများနှင့်အညီ ဖွဲ့စည်းပုံအတွင်း ခန့်ထားနိုင်ခွင့်ရှိသည်။ သင့်လျော်သည့် ဝန်ထမ်းအဆင့်များနှင့် စပ်လျဉ်း၍ ဝန်ထမ်းရေးရာကိစ္စရပ်များဆောင်ရွက်ရန် အမှုဆောင်အရာရှိအား ဝန်ထမ်းရေးရာလုပ်ပိုင်ခွင့်များ သတ်မှတ်ပေးနိုင်သည်။

၅၆။ ဝန်ကြီးသည် စည်ပင်သာယာရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရန် မိမိတိုင်းဒေသကြီး အဆင့်မှ ခန့်ထားနိုင်သည့် ဝန်ထမ်းနေရာများတွင် အခြားဝန်ကြီးဌာနရှိ ဝန်ထမ်းများကို အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် လွှဲပြောင်းရယူခန့်ထားနိုင်သည်။ လိုအပ်ပါက ပညာရှင်များကိုလည်း ခန့်ထားနိုင်သည်။

၅၇။ ဝန်ကြီးသည် အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် ဝန်ထမ်းအတွက် လစာကုန်ကျစရိတ်အား မြို့နယ်၏ နှစ်စဉ်ရရှိသောဝင်ငွေ၏ သင့်လျော်သောရာခိုင်နှုန်းကို သတ်မှတ်နိုင်သည်။

## အခန်း (၁၅)
## ရန်ပုံငွေထိန်းသိမ်းခြင်း၊ စာရင်းစစ်ဆေးခြင်း

၅၈။ ဝန်ကြီးသည် အမှုဆောင်အရာရှိက ငွေစာရင်းများကို စနစ်တကျထိန်းသိမ်းထားနိုင်ရန်နှင့် စစ်ဆေးခြင်းပြုနိုင်ရန် ငွေစာရင်းလုပ်ထုံးလုပ်နည်းများကို တိုင်းဒေသကြီးစာရင်းစစ်ချုပ်နှင့်ညှိနှိုင်း၍ သတ်မှတ် ရမည်။ တည်ဆဲဘဏ္ဍာရေးစည်းမျဉ်း၊ ငွေစာရင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ ငွေစာရင်းများ ပြုစုထားရှိ စေရမည်။

၅၉။ အမှုဆောင်အရာရှိသည် အဖွဲ့တွင် ထိန်းသိမ်းထားရှိသည့်စာရင်းများကို တိုင်းဒေသကြီးစာရင်းစစ်ချုပ်က တာဝန်ပေးအပ်သူ၏စစ်ဆေးခြင်းကို ခံယူစေရမည်။

## အခန်း (၁၆)

## တားမြစ်ချက်များ

၆၀။ မည်သူမျှ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှု မရှိလျှင် -

(က) အများပြည်သူနှင့်သက်ဆိုင်သော လမ်း၊ လမ်းနယ်နိမိတ်၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်တစ်ခုခု ပေါ်တွင် ကျူးကျော်၍ အဆောက်အအုံကိုဖြစ်စေ၊ အဆောက်အအုံ၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ဆောက်လုပ်ခြင်းမပြုရ၊

(ခ) အများပြည်သူနှင့်သက်ဆိုင်သော လမ်း၊ လမ်းနယ်နိမိတ်၊ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်တစ်ခုခု ပေါ်တွင် ပိတ်ဆို့၍ အထည်အလိပ်၊ ဖျာ သို့မဟုတ် အခြားပစ္စည်းတစ်ခုခုကို ဖြန့်ထားခြင်း၊ ဆွဲထားခြင်းမပြုရ၊

(ဂ) အများပြည်သူနှင့်သက်ဆိုင်သော လမ်း၊ လမ်းနယ်နိမိတ်အတွင်း၌ အဖွဲ့၏ခွင့်ပြုချက်ဖြင့် သို့မဟုတ် အဖွဲ့၏အစီအစဉ်ဖြင့် စိုက်ထူထားသော ကြော်ငြာဆိုင်းဘုတ်၊ သတိပေးဆိုင်းဘုတ်များအား မူလ အနေအထား တစ်စုံတစ်ရာကိုမျှ ထိခိုက်ပျက်စီးမှုရှိအောင် မပြုလုပ်ရ။

၆၁။ မည်သူမျှ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့်စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှု မရှိလျှင် -

(က) အများပြည်သူသွားလာသည့်လမ်းပေါ်တွင် မည်သည့်ကစားနည်းမျိုးမျှ ကစားခြင်းမပြုရ၊

(ခ) လမ်းပေါ်တွင်လည်းကောင်း၊ လမ်းနှင့်ရေစီးရေလာမြောင်းအကြား လမ်းနယ်နိမိတ်တွင်လည်းကောင်း၊ လမ်းဘေးရှိရေစီးရေလာမြောင်းပေါ်တွင်လည်းကောင်း ပိတ်ဆို့၍ စားပွဲ၊ ခုံတန်းလျား၊ သေတ္တာ၊ ဗျပ်၊ ကုန်ပစ္စည်း သို့မဟုတ် အခြားအရာဝတ္ထုတစ်ခုခုကို ခင်းကျင်းခြင်း၊ ဈေးရောင်းချခြင်း မပြုရ၊

(ဂ) အမှိုက်၊ မိလ္လာ၊ အညစ်အကြေး၊ ရေဆိုးရေပုပ် စသည်တို့ကို လမ်းပေါ် သို့မဟုတ် စွန့်ပစ်ရန် သတ်မှတ် မပေးထားသောနေရာတွင် စွန့်ပစ်ခြင်းမပြုရ၊

(ဃ) ကိုယ်ပိုင်လမ်း ဖောက်လုပ်ခြင်းမပြုရ၊

(င) ဝင်ထွက်နိုင်သောလမ်းမရှိသည့်မြေပေါ်တွင် အဆောက်အအုံများ ဆောက်လုပ်ခြင်းမပြုရ။

၆၂။ မည်သူမျှ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှု မရှိလျှင် -

(က) အဆောက်အအုံတစ်ခုခုကို ဆောက်လုပ်ခြင်း သို့မဟုတ် ပြင်ဆင်ဆောက်လုပ်ခြင်း သို့မဟုတ် တိုးချဲ့ဆောက်လုပ်ခြင်းမပြုရ၊

(ခ) စည်ပင်သာယာရေးအဖွဲ့ပိုင် အများပြည်သူနှင့်သက်ဆိုင်သော ရေပေးရေးလုပ်ငန်းမှရေကို ရယူ သုံးစွဲခြင်းမပြုရ၊

(ဂ) ကိုယ်ပိုင်စီးပွားဖြစ် ရေပေးရေးလုပ်ငန်း တည်ထောင်ဖွင့်လှစ်ခြင်းမပြုရ၊

(ဃ) အများပြည်သူအတွက် စခန်းချရန်နေရာကိုဖြစ်စေ၊ ရေချိုးဆိပ်ကိုဖြစ်စေ တည်ထောင်ဖွင့်လှစ်ခြင်း မပြုရ။

[ ဆက်လက်ဖော်ပြပါမည်။ ]

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက် ( ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၆၁/၂၀၁၄**

၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၅ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက် )

ဤရုံး၏ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၉/၂၀၁၄) အရ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ လက်ထောက်စစ်ဥပဒေချုပ် ကြည်း ၁၉၆၈၈ ဒုတိယဗိုလ်မှူးကြီး အောင်မြင့်လွင်သည် ဒုတိယ သမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ကိုယ်ရံတော်အရာရှိအဖြစ် ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့ နံနက်ပိုင်းမှစ၍ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ပါသည်။

**အမိန့်ကြော်ငြာစာအမှတ် ၆၄/၂၀၁၄**

၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက် )

နိုင်ငံတော်သမ္မတရုံး၊ သမ္မတရုံးဝန်ကြီးဌာန (၅) မှ ဒေါ်နီနီအောင် လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) အား လစာနှုန်းတူရာထူးဖြင့် အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနသို့ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ပြန်လည်ပြောင်းရွှေ့ တာဝန်ထမ်းဆောင်စေလိုက်သည်။

လှထွန်း၊
ညွှန်ကြားရေးမှူးချုပ်၊
နိုင်ငံတော်သမ္မတရုံး။

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

### အမိန့်ကြော်ငြာစာအမှတ် ၃၈/၂၀၁၄

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်

( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၆ ရက် )

**သက်ပြည့်အငြိမ်းစားယူခွင့်ပြုခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ရွေးကောက်ပွဲခုံရုံးဌာန၊ ကြီးကြပ်ရေးဌာနစုမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဌေးမောင်အား ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၀ ရက်နေ့ နံနက်ပိုင်းမှစ၍ အောက်တိုဘာလ ၉ ရက်နေ့ ညနေပိုင်းအထိ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ လျှောက်ထားခြင်းကို အများပြည်သူအကျိုးငှာ မူလအခြေခံနည်းဥပဒေအပိုဒ် ၈၆ (က) (၁) ပါ ပြဋ္ဌာန်းချက်များအရ ငြင်းပယ်လိုက်သည်။

၂။ လက်ထောက်ညွှန်ကြားရေးမှူး ဦးဌေးမောင်အား ငြင်းပယ်ထားသော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့ နံနက်ပိုင်းမှစ၍ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့ ညနေပိုင်းအထိ ခံစားခွင့်ပြုလိုက်သည်။

၃။ ခွင့်ကုန်ဆုံးပြီးနောက် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့ နံနက်ပိုင်းမှစ၍ လက်ထောက်ညွှန်ကြားရေးမှူး ဦးဌေးမောင်အား သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

တင်ထွန်း၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး။

## ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန

၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်

( ၂၀၁၄ ခုနှစ်၊ မတ်လ ၃ ရက် )

အမှတ် ၇၇ ။ ။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက် ရက်စွဲပါ စာအမှတ်၊ ၁/၁၉၀ (က) (၆) (၄၄၁/၂၀၁၄) အရ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှ အောက်ဖော်ပြပါ လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) (၅) ဦးအား ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) ရာထူးသို့ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်ပြီး ယင်းနေ့နံနက်ပိုင်းမှစ၍ ကနဦးလစာ ၁၆၀,၀၀၀/- ထုတ်ယူခွင့်ပြုလိုက်သည် -

| စဉ် | အမည် | လက်ရှိတာဝန်ထမ်းဆောင်သည့်ဒေသ |
|---|---|---|
| ၁။ | ဦးသိန်းကျော် | ပဲခူးတိုင်းဒေသကြီးမြေစာရင်းဦးစီးဌာန |
| ၂။ | ဦးတင်ထူး | ရခိုင်ပြည်နယ်မြေစာရင်းဦးစီးဌာန |
| ၃။ | ဦးမြင့်သိန်း | မန္တလေးတိုင်းဒေသကြီးမြေစာရင်းဦးစီးဌာန |
| ၄။ | ဦးကျော်ငြိမ်း | မကွေးတိုင်းဒေသကြီးမြေစာရင်းဦးစီးဌာန |
| ၅။ | ဦးသိန်းဝင်း | ရှမ်းပြည်နယ်မြေစာရင်းဦးစီးဌာန<br>တောင်ကြီးမြို့ |

သတိုးအောင်၊
ခေတ္တညွှန်ကြားရေးမှူးချုပ်၊
ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက် ( ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

Notice Under Section 206 (1) of the Myanmar Companies Act

**CAST INTERNATIONAL LIMITED**

(In Voluntary Liquidation)

At the Extraordinary General Meeting of the shareholders of the Company held at on (7-8-2014), the resolutions that Company was wond up voluntarily and Daw Aye Thidar [B.Com (Q), C.P.A] was appointed as a Liquidator were passed as special Resolutions.

For above resolutions, all persons claiming to be creditors of the above Company are, therefore, requested to submit details of their claims together with any documentary evidence in their possession, to the Liquidator at the address given below at the day on (15-9-2014) or before that day.

Mr. Tay Yew Chye
Managing Director
CAST INTERNATIONAL LIMITED

Daw Aye Thidar
Ngwe Inzaly Audit Firm
No. 141/145, 4th Floor, Bo Aung Kyaw Street,
Kyauktada Township, Yangon.

## MARINE CORE COMPANY LIMITED.

### ဖျက်သိမ်းရန်ကြေညာချက်

၁။ **MARINE CORE COMPANY LIMITED.** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၇-၈-၂၀၁၄) နေ့က ကုမ္ပဏီရုံးတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေ အစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ် ၁၅၄၊ တတိယထပ်၊ ၄၅ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်ဇာနည်ညို **B.Com, C.P.A, LCCI, A.B.S.A** (အစိုးရအသိအမှတ်ပြု လက်မှတ်ရစာရင်းကိုင်နှင့်စာရင်းစစ်) [၁၂/ဗတထ (နိုင်) ၀၂၄၀၄၇] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့်ရရန်ရှိသည်များကို (၁) လအတွင်း ဒေါ်ဇာနည်ညိုထံ ဆက်သွယ် ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဒေါ်စောသီမြင့်
အုပ်ချုပ်မှုဒါရိုက်တာ
MARINE CORE COMPANY LIMITED.

ဒေါ်ဇာနည်ညို
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
MARINE CORE COMPANY LIMITED.
09-4320-1827, 09-513-2325, 01-397008

## SHWE SAI EXPORT & IMPORT CO., LTD

ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၈-င အရ ဖျက်သိမ်းဆဲ **SHWE SAI EXPORT & IMPORT CO., LTD** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ အစုရှင်များ၏ သဘောတူညီချက်ကို ရရှိရန်ရှိသဖြင့် အစုရှင်အားလုံး တက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ | - | **၁၅-၉-၂၀၁၄** |
| အစည်းအဝေးကျင်းပမည့်အချိန် | - | (၀၉း၀၀) နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ | - | အမှတ်-၁၄၁/၁၄၅၊ ၄-လွှာ၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |

ဒေါ်အေးသီတာ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## MYANMAR JAPAN TECHNOLOGY CO., LTD.

**ဖျက်သိမ်းရန်ကြေညာချက်**

၁။ **MYANMAR JAPAN TECHNOLOGY COMPANY LIMITED.** ကို အစုရှင်များ၏ ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် (၇-၈-၂၀၁၄) နေ့က ကုမ္ပဏီရုံးတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ် ၁၅၄၊ တတိယထပ်၊ ၄၅ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်ဇာနည်ညို **B.Com, C.P.A, LCCI, A.B.S.A** (အစိုးရအသိအမှတ်ပြု လက်မှတ်ရစာရင်းကိုင်နှင့်စာရင်းစစ်) [၁၂/ဗတထ (နိုင်) ၀၂၄၀၄၇] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့်ရရန်ရှိသည်များကို (၁) လအတွင်း ဒေါ်ဇာနည်ညိုထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဒေါ်အေးအေးသွယ်
အုပ်ချုပ်မှုဒါရိုက်တာ
MYANMAR JAPAN TECHNOLOGY
COMPANY LIMITED.

ဒေါ်ဇာနည်ညို
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
MYANMAR JAPAN TECHNOLOGY
COMPANY LIMITED.
09-4320-1827, 09-513-2325, 01-397008

## HAPPY LAND COMPANY LIMITED

ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၈-င အရ ဖျက်သိမ်းဆဲ **HAPPY LAND COMPANY LIMITED** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ အစုရှင်များ၏ သဘောတူညီချက်ကို ရရှိရန်ရှိသဖြင့် အစုရှင်အားလုံး တက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ | - | **၁၅-၉-၂၀၁၄** |
| အစည်းအဝေးကျင်းပမည့်အချိန် | - | (၁၀း၀၀) နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ | - | အမှတ်-၁၄၁/၁၄၅၊ ၄-လွှာ၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |

ဒေါ်အေးသီတာ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## KHAM WO MANUFACTURING COMPANY LIMITED.

### ဖျက်သိမ်းရန်ကြေညာချက်

၁။ **KHAM WO MANUFACTURING COMPANY LIMITED.** ကို အစုရှင်များ၏ ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် (၇-၈-၂၀၁၄) နေ့က ကုမ္ပဏီရုံးတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ် ၁၅၄၊ တတိယထပ်၊ ၄၅ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်ဇာနည်ညို **B.Com, C.P.A, LCCI, A.B.S.A** (အစိုးရအသိအမှတ်ပြု လက်မှတ်ရစာရင်းကိုင်နှင့်စာရင်းစစ်) [၁၂/ဗတထ (နိုင်) ၀၂၄၀၄၇] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့်ရရန်ရှိသည်များကို (၁) လအတွင်း ဒေါ်ဇာနည်ညိုထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဒေါ်နန်းဆိုင်အောင်
အုပ်ချုပ်မှုဒါရိုက်တာ
KHAM WO MANUFACTURING
COMPANY LIMITED.

ဒေါ်ဇာနည်ညို
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
KHAM WO MANUFACTURING
COMPANY LIMITED.
09-4320-1827, 09-513-2325, 01-397008

## JOHN ENGINEERING COMPANY LIMITED

### ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၈-င အရ ဖျက်သိမ်းဆဲ **JOHN ENGINEERING COMPANY LIMITED** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ အစုရှင်များ၏ သဘောတူညီချက်ကို ရရှိရန်ရှိသဖြင့် အစုရှင်အားလုံး တက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ | - | **၁၅-၉-၂၀၁၄** |
| အစည်းအဝေးကျင်းပမည့်အချိန် | - | (၁၁း၀၀) နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ | - | အမှတ်-၁၄၁/၁၄၅၊ ၄-လွှာ၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |

ဒေါ်အေးသီတာ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## မြန်မာဆုံဆည်းရာ ခရီးသွားကုမ္ပဏီလီမိတက်

## Myanmar Focus Tour Co., Ltd

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၄ ခုနှစ်၊ ဇူလိုင်လ (၁၄) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **မြန်မာဆုံဆည်းရာ ခရီးသွားကုမ္ပဏီလီမိတက် (Myanmar Focus Tour Co., Ltd)** အား (၁၉-၇-၂၀၁၄) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်သီတာချိုဝင်း (B.Com, C.P.A) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ (၈) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်သိင်္ဂီ
မန်နေးဂျင်းဒါရိုက်တာ
မြန်မာဆုံဆည်းရာ ခရီးသွားကုမ္ပဏီလီမိတက်

ဒေါ်သီတာချိုဝင်း
(B.Com, C.P.A)
Earnest YTK Services Co., Ltd
တိုက် (၈)၊ အခန်း (၇)၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊
ဗဟန်းမြို့နယ်၊ ရန်ကုန်။

## MYANMAR ROYAL TOP INT'L TRADING CO., LTD

ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၈-င အရ ဖျက်သိမ်းဆဲ **MYANMAR ROYAL TOP INT'L TRADING CO., LTD** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ အစုရှင်များ၏ သဘောတူညီချက်ကို ရရှိရန်ရှိသဖြင့် အစုရှင်အားလုံး တက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ | - | **၁၅-၉-၂၀၁၄** |
| အစည်းအဝေးကျင်းပမည့်အချိန် | - | (၀၁း၀၀) နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ | - | အမှတ်-၁၄၁/၁၄၅၊ ၄-လွှာ၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |

ဒေါ်အေးသီတာ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ကုမ္ပဏီဖျက်သိမ်းကြောင်းကြော်ငြာ

အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းခြင်း

**မန္တလေးရုပ်သေး ကုမ္ပဏီလီမိတက်**

**MANDALAY MARIONETTES CO., LTD.**

၂၀၁၄ ခုနှစ်၊ ဩဂုတ်လ (၁) ရက်နေ့တွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ အစည်းအဝေး ဆုံးဖြတ်ချက်အရ **မန္တလေးရုပ်သေး ကုမ္ပဏီလီမိတက် (MANDALAY MARIONETTES CO., LTD.)** အား ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ (၁) ရက်နေ့မှစ၍ အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးဆန်းထွန်း (B.A, C.P.A, F.B.S.A) လက်မှတ်ရပြည်သူ့စာရင်းကိုင်အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ (၁၅) ရက်နေ့ထက် နောက်မကျစေဘဲ အောက်ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများကို ပြုလုပ်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

| | |
|---|---|
| Daw Ma Ma Naing | ဦးဆန်းထွန်း |
| Managing Director | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| MANDALAY MARIONETTES CO., LTD. | (ဖျက်သိမ်းဆဲ) မန္တလေးရုပ်သေး ကုမ္ပဏီလီမိတက် |

**STAR EMPIRE TRADING CO., LTD**

ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၈-င အရ ဖျက်သိမ်းဆဲ **STAR EMPIRE TRADING CO., LTD** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ အစုရှင်များ၏ သဘောတူညီချက်ကို ရရှိရန်ရှိသဖြင့် အစုရှင်အားလုံး တက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ | - | **၁၅-၉-၂၀၁၄** |
| အစည်းအဝေးကျင်းပမည့်အချိန် | - | (၀၂း၀၀) နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ | - | အမှတ်-၁၄၁/၁၄၅၊ ၄-လွှာ၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |

ဒေါ်အေးသီတာ

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ပ၊ စ၊ လ - အမှတ် ၇၀၀/၁၃/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၅၅၅/၁၅-၈-၂၀၁၄။